# မင်းဒင်

# နွားရိုင်းသွင်းချိန်စစ်တမ်း

## အတွေးအမြင်စာစုများ



## စာရေးသူ၏ အမှာ

အညာမြေလတ် နတ်မောက်ဇာတိဖြစ်သော ကျွန်တော့်မှတ်ဉာဏ်တွင် ဥမမယ် စာမမြောက်အရွယ်မှသည် ယခုထက်တိုင် စွဲထင်ကျန်နေသည့် ဂရုန်းသုန်းကား ဖြစ်စဉ်တစ်ခုကို ဖော်ပြပါဆိုလျှင် နွားရိုင်းသွင်းချိန်မြင်ကွင်း ဖြစ်၏။ လူမမယ်အရွယ်ဖြစ်၍ နွားရိုင်းသွင်းချိန်တိုင်းတွင် ကျွန်တော် အထိတ်တလန့် ဖြစ်ခဲ့ရသည်။ အမည်တပ်ဖော်ပြ၍ မရသော စိုးရိမ်စိတ်၊ ကြောက်ရွံ့စိတ်တစ်မျိုးကို ခံစားရသည်။ စင်စစ် ထိုညီအစ်ကို မသိတသိ၊ နေညိုချိန်သည် ထင်ရာစိုင်းမည့် နွားရိုင်းအုပ်ကြီး အုံနှင့်ကျင်းနှင့် ရွာတွင်းသို့ တစ်ရှိန်ထိုး ပြန်ဝင်လာကြချိန်ဖြစ်၍ ထင်မှတ်မထားသော အန္တရာယ်အကြီးစားတစ်ခုခု မမျှော်လင့်ဘဲ ပေါ်လာတတ်သည်ဟု ဆိုကြပါ၏ ။

၂၀၁၅ ရွေးကောက်ပွဲ အလွန်နီးကပ်လာနေချိန်တွင် လက်ရှိမြန်မာနိုင်ငံ၏ ပကတိ အခြေအနေအရပ်ရပ်အား ကျွန်တော့်ဉာဏ်မီသမျှ ချင့်မြော်ထောက်ရှုသည့်အခါ ငယ်စဉ်က မြင်တွေ့ခဲ့ရသည့် နွားရိုင်းသွင်းချိန်ကို အမှတ်ရမိသည်။ နိုင်ငံနှင့်လူမျိုး ပျက်စီးရာ ပျက်စီးကြောင်းအတွက် ကြီးစွာသော အန္တရာယ်တစ်ရပ် ပေါ်ပေါက်လာတော့မည်လောဟူသော စိုးရိမ်စိတ် ဖြစ်ပေါ်လာ၏ ။

မြန်မာပြည်သူလူထုအနေဖြင့် ခေတ်ဟောင်း ခေတ်ဆိုး၏ ဒဏ်ချက်တို့ကို အံကြိတ်ခဲ့ရသော ကာလများ တာရှည်ခဲ့ပြီ။ ထို့ကြောင့် ခေတ်ဆိုး စနစ်ဆိုးတို့ ရွက်ဟောင်းကြွေသလို ဖြုတ်ခနဲ ကြွေစေလိုသော ရည်ရွယ်ချက်ဖြင့် ဤစာစုများကို ရေးသားခဲ့သည်ဖြစ်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပုဂ္ဂိုလ်ရေးအရ မုန်းတီးပြစ်တင်လိုစိတ် အလျှင်းမရှိချေ။

စာဖတ်သူများနှင့်တကွ ဤစာအုပ်ဖြစ်မြောက်လာရေးအတွက် ဝိုင်းဝန်းခဲ့ကြသူများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း အလေးအနက် ဖော်ပြပါသည်။

**ချမ်းသာကိုယ်စိတ် မြဲပါစေ**

**မင်းဒင်**

**ဖူးခက်ကျွန်း**

**ထိုင်းနိုင်ငံတောင်ပိုင်း**

**၂၀၁၅ ခုနှစ် မတ်လ ၂၅ ရက်။**

***

အိုဘားမား၊ မြန်မာထိပ်သီးများနှင့် တရားမျှတ၍ လွတ်လပ်သော ၂၀၁၅ ဆီသို့

အိုဘားမား၊ မြန်မာထိပ်သီးများနှင့်
တရားမျှတ၍ လွတ်လပ်သော ၂၀၁၅ ဆီသို့



ပန်းစပယ် နန်းအလယ်မပေါ်ခိုက်ဟာမို့

`နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းစင်တာ (၁)တွင် လာမည့် နိုဝင်ဘာလ ၁၁ နှင့် ၁၂ ရက်များ၌ ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် အမေရိကန်သမ္မတ အိုဘားမား တက်ရောက်မည်' ဟူသော သတင်းအပေါ် မြန်မာလူထု၏ ခံစားချက်ကို အလင်္ကာဆင်၍ စကားဆိုရလျှင် ကမ္ဘာဦးလူတို့ နေလကို မျှော်တကြသည့် အဖြစ်ကိုပင် သတိရစရာ ကောင်းသေးတော့၏။

ထူးမခြားနား စစ်ဝါဒီဇာတ်မျောရှည်ကြီးဖြင့် မတိုးသာ မဆုတ်သာ အီခံနေသော မြန်မာ့နိုင်ငံရေးသည် `အိုဘားမား မြန်မာပြည်လာဦးမည်' ဟူသော သတင်းကြောင့် လှုပ်ခတ်ဆူညံသွားရပြန်လေပြီ။

၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် ပထမဆုံးအကြိမ်အဖြစ် အမေရိကန်သမ္မတ ဘားရက်အိုဘားမား၏ ခရီးစဉ်သည် မြန်မာနိုင်ငံရေးရှေ့ခရီးအတွက် မြားမြောင်လှသော နောက်ဆက်တွဲရလဒ်တို့ကို ဖြစ်ပေါ်စေခဲ့၏။ ထိုရလဒ်တို့သည် မြန်မာ့အတိုက်အခံတို့ထက် စစ်ဝါဒီမျိုးဆက် မြန်မာအစိုးရကိုသာ အကျိုးများစေခဲ့သည်ဖြစ်ရာ အိုဘားမား၏ ဒုတိယမ္ပိ ခရီးစဉ်အပေါ် စနစ်ဆိုးဒုက္ခတောထဲမှ မလွတ်မြောက်နိုင်သေးသည့် မြန်မာလူထုအဖို့ မျှော်လင့်ချက်ကြီး ရပြန်လေသည်။

သည်တစ်ကြိမ်တွင်လည်း အိုဘားမား ရောက်မလာမီမှာပင် စိတ်လှုပ်ရှားဖွယ် မြန်မာ့နိုင်ငံရေး အလှုပ်အခတ်ဖြစ်ရပ်တို့ တစ်သီတစ်တန်းကြီး ဖြစ်ပေါ်နေသည်ကို တွေ့မြင်ရပြန်သည်။ မြန်မာ့ဒီမိုကရေစီအရွေ့သည် ကျေနပ်အားရစရာမရှိဟု အိုဘားမားက သတိပေးလာသည်။ သမ္မတနှင့် ဒေါ်အောင်ဆန်းစုကြည် ထံ တယ်လီဖုန်းဖြင့် တိုက်ရိုက်ဆက်သွယ်၏။ မည်သူမည်သို့ ရွေးချယ်သည်ဟု ရေရေရာရာ မဖော်ပြနိုင်သည့် မြန်မာ့နိုင်ငံရေး ထိပ်သီး ၁၄ ဦးတို့ ၎င်းနေပြည်တော်ရှိ သမ္မတအိမ်တော်တွင်

တွေ့ဆုံဆွေးနွေးကြသည်။ မြန်မာပြည်သို့ အိုဘားမား ရောက်ရှိမည့် ရက်ပိုင်းအတွင်းမှာပင် တရုတ်သမ္မတ ဇီကျန်ပင်းနှင့် မြန်မာသမ္မတတို့ တရုတ်နိုင်ငံတွင် အချိန်ကိုက် တွေ့ဆုံရန်ရှိသည်ဟုလည်း သတင်းများက ဆိုသည်။ ထို့ပြင်မက လာမည့်ဒီဇင်ဘာအတွင်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည်လည်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ အလည်အပတ် ခရီးသွားရောက်မည်ဟု ဆိုပြန်၏ ။

ထိုမျှလောက် လှုပ်လှုပ်ရှရှ ဖြစ်ရသည့် မူလဘူတအကြောင်းရင်းခံကား အဘယ်အရာပေနည်း။

ကမ္ဘာ့အင်အားအကြီးဆုံး နံပါတ်တစ်နိုင်ငံ စာရင်းဝင်သော အမေရိကန်နိုင်ငံ၏ ခေါင်းဆောင်ကြီး မည်သည့်နိုင်ငံသို့မဆို ခရီးနှင်သည်ဖြစ်စေ၊ ကမ္ဘာနှင့်အဝှမ်း စိတ်ဝင်စားမှု ရှိကြသည်ချင်း ဖြစ်သော်ငြား မြန်မာပြည်ခရီးစဉ်အား ထို့ထက်ပို၍ အာရုံစိုက်လျက် ရှိကြခြင်း၏ အကြောင်းရင်းကား မြန်မာစစ်ဗိုလ်ချုပ်တို့အနေဖြင့် နှစ်ပေါင်းငါးဆယ်နီးပါးမျှ အမေရိကန်ကား `အနောက်အုပ်စု အင်အားကြီးနိုင်ငံတစ်ခု ဟူ၍ စောင်းပါးရိပ်ခြည်အမည်တပ်ကာ အစဉ်မပြတ်ရန် သူစာရင်းသွင်းခဲ့ရာမှ မြစ်ဖျားခံလေ၏ ။ ထိုမှသည် လွန်ခဲ့သော လေးနှစ် မြန်မာနိုင်ငံဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ အကူးအပြောင်းတွင် အမေရိကန်ပါဝင်ပတ်သက်ခဲ့ပြန် သော်ငြား ဒီမိုကရေစီသည် ကျေနပ်ဖွယ်ရာ အရွေ့မပြခဲ့ချေ။ ဤခရီးစဉ်သည် အမေရိကန်နိုင်ငံ၏ မြန်မာနိုင်ငံဒီမိုကရေစီအရွေ့အပေါ် ဒုတိယအကြိမ်မြောက် အားစိုက်မှုဟုလည်း ဆိုနိုင်သည်။

မြန်မာ့မြေနန်းမဟီဝယ် ဒီမိုကရေစီစံပယ်ပင်သည် အဘယ်ကြောင့် လွယ်လင့်တကူ မရှုသန်နိုင်ရပါသနည်း ဟူသော အချက်သည် စိတ်ဝင်စားဖွယ် ကောင်းလှသည်ဖြစ်ရာ နောက်ခံသမိုင်း ရာဇဝင်တို့နှင့် ချိန်ထိုးသုံးသပ်လိုသည်။

***

# နှစ်

အတိတ်သမိုင်းဆီမှ လွမ်းစရာ့ မြန်မာတို့ဂုဏ်တေဇာ

တိုင်းပြည်နှင့် လူမျိုးတိုင်းလိုလို ကိုယ့်လူမျိုး ကိုယ့်သမိုင်းအတွက် နည်းမျိုးစုံဖြင့် စန်းတင်ကြသည်ချည်း ဖြစ်၏။ ချဲ့ကားသည်လည်း ရှိ၏။ အမှန်တကယ်ရှိခဲ့သလောက် မဖော်ထုတ်နိုင်သည်လည်း ရှိ၏။ ပျူခေတ်ကတည်းကပင် လက်အောက်ခံနိုင်ငံများကို သိမ်းကျုံးစုရုံးကာ အင်ပါယာကြီးအဆင့်အထိ တန်ခိုးကြီးမားခဲ့သော မြန်မာ့သမိုင်းကား မည်သည့်နည်းနှင့်မျှ နိမ့်ပါးသေးသိမ်သည်ဟု မဆိုနိုင်ချေ။ ပဒေသရာဇ်နိုင်ငံများအဆင့် မြန်မာဘုရင်တို့၏ လက်ထက်တွင်လည်း အာရှတိုက်တစ်လွှား တန်ခိုးရှိန်စော်ကြီးခဲ့သည့်မှာ ကုန်းဘောင်ဆက်တိုင်အောင် ဖြစ်၏။

ကုန်းဘောင်ခေတ် ဘကြီးတော် (စစ်ကိုင်းမင်း) လက်ထက် ခရစ်နှစ် ၁၈၂၄ ခုနှစ်တွင် ရှင်မဖြူကျွန်းကိစ္စနှင့် ပတ်သက်၍ ပထမ အင်္ဂလိပ်မြန်မာစစ်ပွဲ စတင်ဖြစ်ပွားကာ မြန်မာပြည်အောက်ပိုင်းကို ဆုံးရှုံးလက်လွှတ်ခဲ့ရသည်။ ထိုအချိန်တွင် မြန်မာနိုင်ငံသည် ကမ္ဘာကြီးနှင့် အဆက်အသွယ် ပြတ်တောက်သွားခဲ့ပြီး ၁၈၃၀ ခုနှစ် အင်္ဂလန်၌ ပေါ်ပေါက်လာခဲ့သည့် စက်မှုတော်လှန်ရေးကို မျက်ခြည်ပြတ်ကာ ဖွံ့ဖြိုးမှုတွင် နောက်ကျကျန်ရစ်ခဲ့ရသည်။

အင်္ဂလိပ်တို့နှင့် နှစ်ကြိမ်တိုင်တိုင် စစ်မက်ဖြစ်ပွားခဲ့ပြီး တိုင်းပြည်တစ်ဝက်ကျော် လက်လွှတ်ထားရသည့် မင်းတုန်းမင်း လက်ထက် (၁၈၅၂-၁၈၇၈) မှာပင် ကင်းဝန်မင်းကြီး ဦးဆောင်သော မြန်မာသံအဖွဲ့ ပြင်သစ်တို့နှင့် မဟာမိတ်ဖွဲ့လျက် ပါရီမြို့တိုင် ခရီးဆန့်ကာ စက်မှုတော်လှန်ရေးကို

အမီလိုက်နိုင်ရန် ကြိုးပမ်းခဲ့သော်ငြား မြင်ကွန်းမြင်းခုံတိုင်အရေးတွင် ကနောင်မင်းသားကြီး ကံကုန်ရသည်မှ လုံးဂအဆက်ပြတ် နောက်ကျကျန်ရစ်တော့သည်။ အာရှတိုက်တွင် ဂျပန်နိုင်ငံသည်ကား မီဂျီခေတ် (၁၈၆၈-၁၉၁၂) ပြုပြင်ပြောင်းလဲရေးဖြင့် စက်မှုတော်လှန်ရေးကို မျက်ခြည်မပြတ်ခဲ့သောကြောင့် အာရှတိုက်၏ တစ်ခုတည်းသော ကမ္ဘာထိပ်တန်းစာရင်းဝင်နိုင်ငံ ဖြစ်လာခဲ့လေသည်။

လွတ်လပ်ရေးတိုက်ပွဲအဆင့်ဆင့်ကို ကျော်ဖြတ်ပြီး ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေး ရရှိရာ အင်္ဂလိပ်တို့ကျင့်သုံးခဲ့သော စီးပွားရေး၊ ရေခံမြေခံကို အမွေဆက်ခံ၍ ဒီမိုကရေစီစနစ်ဖြင့် ခေတ်မီနိုင်ငံအဖြစ်သို့ ဦးတည်ခဲ့ပြန်သော်လည်း စစ်တပ်၏ အာဏာသိမ်းမှုကြောင့် ၁၉၆၂ ခုနှစ်တွင် မြန်မာ့ဒီမိုကရေစီအရေးသည် လှေလှော်ရင်း တက်ကျိုးခဲ့ရပြန်သည်။ အနှစ်ချုပ်ဆိုရပါမူ မြန်မာပြည်သည် ဖွံ့ဖြိုးတိုးတက်မှုတွင် ခါးမနောက်ပိတ် ခွေးဘဂရောက်ခဲ့ရခြင်းမှာ စက်မှုတော်လှန်ရေးကို မျက်ခြည်ပြတ်ကျန်ရစ်ခြင်းနှင့် ဒီမိုကရေစီစနစ် မဖွံ့ဖြိုးခဲ့ခြင်းကြောင့် ဖြစ်လေရာ ဒီမိုကရေစီ ဆိတ်သုဉ်းခဲ့ခြင်း၏ အဓိကလက်သည်တရားခံမှာ ဆင်ခြင်တုံတရားကင်းမဲ့သော မြန်မာစစ်ခေါင်းဆောင်များကြောင့် ဖြစ်ကြောင်း သမိုင်းတွင် မြင်သာလျက် ရှိသည်။

***

## သုံး

မြန်မာတစ်ပြည်လုံး သရောကြီးခိုင်းခဲ့သော နဂတ၊ နအဖခေတ်

တပ်မတော်အစိုးရ အဆက်ဆက်သည် အာဏာ၊ လက်နက်တို့ဖြင့် တိုင်းပြည်၏ အနာဂတ်အပါအဝင် တရာရာကို အကောင်းအတိုင်း ဖြစ်စေမည်ဟု မျှော်လင့်ယုံကြည်ခဲ့ကြသည်။ စစ်ဗိုလ်တို့သည် တရားဥပဒေ၏ အထက်တွင်

အမြိန့်သား နေရာယူခဲ့ကြကာ ပဒေသရာဇ်ခေတ် နယ်ပိုင်နယ်စားများကဲ့သို့ ရုံးတစ်ရုံး ဓားတစ်စင်း လုပ်ပိုင်ခွင့်ရခဲ့ကြသည်။

ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ယုံကြည်ချက်မှာ မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်စနစ်ဖြင့် ဗြဟ္မစိုရ်တရား ထွန်းကားသည့် သာယာဝပြောသော လူ့ဘောင်းသစ်ကြီးဆီသို့ ချီတက်ရေးဟု ဆို၏။ ၁၉၈၈ ခုနှစ်သို့တိုင်အောင် တစ်ကမ္ဘာလုံးတွင် အမွဲတေဆုံးစာရင်းဝင်လျက် လူထုအုံကြွမှုကြီးဖြင့် မဆလခေတ်ဇာတ်သိမ်းခဲ့ရာ မြန်မာ့တပ်မတော်ကပင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အမည်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဆီသို့ ချီတက်ကြပြန်သည်။ ထိုမှသည် နိုင်ငံတော်အေးချမ်းသာယာရေး ကောင်စီဟူ၍ အမည်သာပြောင်း လူမပြောင်းသည့် ကိုသာဆိုးတို့ခေတ်ဆီသို့ ရောက်လာတော့သည်။

ယင်းအဖွဲ့တို့သည် တိုင်းပြည်လူစဉ်မီရေးကို လုံးလုံးမစွမ်းဆောင်နိုင်သော်ငြား ကိုယ်ကျိုးရှာမှုအရာတွင် မဆလဗိုလ်ချုပ်များက အဘပြန်ခေါ်ရလောက်အောင် ထူးချွန်ထက်မြက်ခဲ့ကြ၏။ လူမဆန်စွာ ဖိနှိပ်ရာတွင် နယ်ချဲ့အင်္ဂလိပ်နှင့် ဖက်ဆစ်ဝါဒီဂျပန်တို့ကပင် သြချရလောက်အောင် လက်သံပြောင်ခဲ့ကြသည်။ သူတို့ကိုင်စွဲသောမူမှာ အာဏာလက်မလွှတ်ရေးမူဖြစ်၍ ၎င်းတို့ အာဏာရနေစဉ်အတွင်း အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နည်းမျိုးစုံသုံး၍ ဖိနှိပ်ခြင်းဖြင့် ကုန်ဆုံးခဲ့သည်။ စစ်မှုထမ်း အဆင့်ဆင့်တို့သည် အရပ်ဖက်ရုံးဌာနအသီးသီးသို့ မိုးကျရွှေကိုယ်များအဖြစ် ရောက်ရှိလာကြကာ ထင်တိုင်းကြဲနိုင်ခဲ့ပြီး ယင်းတို့သည် နိုင်ငံတော်ကို ကိုယ်စားပြုသည်ဟု ဆိုကာ ယင်းတို့နှင့် ဆန့်ကျင်ဘက်အမြင်ရှိသူတို့သည် နိုင်ငံတော်ကို သစ္စာဖောက်ဖျက်ပုန်ကန်သူများဟု သတ်မှတ်ခဲ့ကြသည်။

သူတို့သည် အမှန်တရားကို ရင်ဆိုင်ရန် ကြောက်ရွံ့၍ စစ်ဗိုလ်တို့သည်

တိုင်းပြည်ကို စည်ပင်ဖွံ့ဖြိုးအောင် ထူထောင်နိုင်သည် ဟူသော အယူအဆကို သက်သေပြနိုင်ရန် ကြိုးစားခဲ့ကြ၏။ စစ်ဗိုလ်သည် အရာအားလုံး အကုန်တတ်၏ ဟူသော အယူအစွဲပြင်းထန်ခဲ့သည်။

နိုင်ငံတော်စီမံကိန်းများအား နီးစပ်ရာလုပ်ငန်းရှင်များသို့ လက်သိပ်ထိုးခွဲဝေပေးကာ ထိုလုပ်ငန်းများ၏ အကျိုးအမြတ်ကို ပြောင်ပြောင်တင်းတင်း ဝေစားမျှစား လုပ်ခဲ့ကြရာ မြန်မာပြည်တွင် ခေတ်ပျက်သူဌေး (ခရိုနီ) များ ပေါ်ပေါက်လာစေခဲ့သည်။ တစ်ချိန်တည်းမှာပင် ပြည်သူလူထုအများစုမှာ ဆင်းရဲတွင်း နက်သထက် နက်ခဲ့ကြသည်။ စစ်ဗိုလ်ချုပ်များကို မျက်နှာချိုသွေး ခေါ်ဝေါ်သည့် အဘ၊ အဘကြီးဟူသော အသုံးအနှုန်း ခေတ်စားတွင်ကျယ်ခဲ့ရာ ထိုခေတ်ကို အဘတို့ခေတ်ဟု သမုတ်နိုင်၏။

***

## လေး

ရေစုန်မျောခဲ့လေသော တို့တိုင်းတို့ပြည်

နဂတ၊ နအဖအစိုးရတို့ တိုင်းပြည်သို့ပေးအပ်သော မူလကတိကဝတ်မှာ ပါတီစုံဒီမိုကရေစီစနစ်ဆီသို့ ကူးပြောင်းနိုင်ရန်၊ ပန်းခင်းသော လမ်းကိုဖန်တီးပေးရန်ဟု ဆိုပါ၏။ သို့သော် ယင်းတို့၏ ကတိပျက်ကွက်မှုအပေး မြန်မာလူထုက "စစ်တပ်ဟာ ၁၉၈၈ ကပြောတဲ့ `ပစ်ရင် မိုးပေါ်ထောင်မပစ်ဘူး' ဆိုတာ တစ်ခုတည်းပဲ ပြောထားတဲ့ စကားအတိုင်း ကတိတည်တယ်၊ တကယ်လုပ်တယ်၊ ကျန်တာတွေကတော့ အကုန်လိမ်နေတာချည်းပဲ" ဟူ၍ ပင်၊ ရယ်သွမ်းသွေး ပြက်လုံးထုတ်ခဲ့ကြသည်။

အဘတို့ခေတ်တွင် နိုင်ငံရေးအတိုက်အခံတို့ကို ဘိန်းပစ်ဖမ်းခြင်း၊

တွေ့ရာပုဒ်မတပ်ခြင်းတို့ အပါအဝင် ထောင်ဒဏ် နှစ်တစ်ရာကျော် ချမှတ်သည်အထိ ကမ်းကုန်အောင် ဥပဒေမဲ့ပြုမူခဲ့ရာ အဘတို့၏ ဖိနှိပ်ရက်စက်မှုကို တစ်ကမ္ဘာလုံး ထိတ်လန့်တုန်လှုပ်ခဲ့ကြရသည်။ တရားရုံး၏ ဆင်ခြင်တုံတရားကို မျက်ကွယ်ပြုခဲ့သောကြောင့် မြန်မာပြည် တရားရုံးအဆင့်ဆင့်သည် စစ်ဗိုလ်တို့၏ ညွှန်ကြားချက်အတိုင်း ဆုံးဖြတ်ခဲ့ရသော ခေတ်ကာလဖြစ်သည်။ လက်တွေ့နှင့် ကင်းကွာသော ဝါဒဖြန့်ဆိုင်းဘုတ်၊ ကြွေးကြော်သံမျိုးစုံအပြင် ရုပ်ရှင်၊ ဂီတနှင့် စာပေအနုပညာရှင်တို့ကိုလည်း ဝါဒဖြန့်ရာတွင် အတင်းအကျပ်ခိုင်းစေခဲ့ကြ၏။ အုံကြွတော်လှန်မှုမှန်သမျှ လက်နက်အားကိုးဖြင့် ရက်ရက်စက်စက် ပစ်ခတ်နှိမ်နင်းခဲ့ကြ၏။ ထိုမျှမက စစ်ဗိုလ်ချုပ်အချင်းချင်းအကြား အာဏာအားပြိုင်မှုများ၊ ဖြုတ်ထုတ်သတ်ဖြတ်စဉ်များ အများအပြား ပေါ်ပေါက်ခဲ့သည်။ ခေတ်နောက်ပြန်ဆွဲနေသည့် စစ်ဗိုလ်ချုပ်တို့သည် တပ်မတော်၏ အစဉ်အလာကောင်းဖြစ်သော အထက်အောက် အမိန့်နာခံတတ်မှုကို တလွဲအသုံးချကာ တိုင်းပြည်ကို ပျက်စီးခြင်းငါးပါး ဆိုက်စေခဲ့၏။ စစ်ဖက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ အင်ဂျင်နီယာ တက္ကသိုလ်တို့ကို သီးခြားဖွင့်လှစ်လျက် ကမ္ဘာတည်သရွေ့ စစ်ဝါဒကြီးစိုးစေမည့် အစီအမံများဖြင့် မြန်မာ့တပ်မတော်ကို မြန်မာလူထုနှင့် ပို၍ ဝေးကွာစေခဲ့ပြန်သည်။

မြန်မာနိုင်ငံအတွက် မည်သို့မျှ အကျိုးမပြုနိုင်သည့် ပြိုကွဲနေသော ဆိုဗီယက်အင်ပါယာကြီးမှ ချွတ်ခြုံကျကျန်ရစ်သော ရုရှနိုင်ငံနှင့် အရည်မရ အဖတ်မရ စစ်ရေးဆက်ဆံမှုကို တိုးမြှင့်ခဲ့သည်။ တစ်ကမ္ဘာလုံးက ဝိုင်းကြဉ်ထားသည့် မြောက်ကိုရီးယားကဲ့သို့ နိုင်ငံမျိုးနှင့် ရွှေလမ်းငွေလမ်းဖောက်ကာ အာဏာတည်မြဲရေး ရည်ရွယ်ချက်ဖြင့် နျူးကလီးယားအိပ်မက်ကို မက်ခဲ့ကြသည်အထိ ခြေလှမ်းကျဲခဲ့ကြသည်။ နဝတ၊ နအဖခေတ်သည် တရုတ်ပြည်၏ စီးပွားရေး ပြုပြင်ပြောင်းလဲရေးမူဝါဒ စတင်ကျင့်သုံးချိန်နှင့် ကံဆိုးစွာ တိုက်ဆိုင်နေခဲ့ရာ တရုတ်စီးပွားရေး

လုပ်ငန်းများသည် မြန်မာ့မြေပေါ်ဝယ် အခွင့်ထူးခံဘဝဖြင့် နေရာရတွင်ကျယ်လာခဲ့ကြသည်။ အပြန်အလှန်အားဖြင့် တရုတ်နိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဗီတိုအာဏာဖြင့် မြန်မာစစ်အာဏာရှင်များကို အကာအကွယ်ပေးခဲ့ကြသသည်။

ထို့ကြောင့် နဝတ၊ နအဖလက်ထက်တွင် မြန်မာနိုင်ငံသည် အစားထိုးပြုပြင်၍ မရသော အောက်ပါဆုံးရှုံးမှုတို့ကို ဖြစ်ပေါ်စေခဲ့သည်။

(က) မြန်မာတစ်ပြည်လုံး၏ စီးပွားရေးစီမံကိန်း ၈ဂ ရာခိုင်နှုန်းသည် တရုတ်တို့၏ လက်ဝယ်သို့ရောက်ရှိကာ တိုင်းပြည်သည် တရားမဝင် တရုတ်ညြဇာခံနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ရသည်။

(ခ) စစ်ဗိုလ်ချုပ်တို့၏ ကိုယ်ကျိုးရှာမှုကြောင့် သစ်တောများအပါအဝင် ရေပေါ်ရေအောက်၊ မြေပေါ်မြေအောက် ရှိရှိသမျှ တိုင်းပြည်၏ သယံဇာတတို့ တက်တက်စင် ပြုတ်ပြုတ်ပြုန်းခဲ့သည်။

(ဂ) စစ်ဖက်၊ အရပ်ဖက်၊ ဌာနဆိုင်ရာ ဝန်ထမ်းအသိးသီးအပါအဝင် မြန်မာပြည်သူ တစ်ရပ်လုံး၏ စာရိတ္တကိုယ်ကျင့်တရားကို စနစ်တကျ ဖျက်ဆီးခြင်းခံခဲ့ရသည်။ စစ်ဝါဒီစနစ်ဆိုးအောက်မှနေ၍ ဘယ်သောအခါမှ လွတ်မြောက်နိုင်၊ အလိုက်သင့် အလျားသင့် ကျရာဘဝမှာ ဖြစ်သည့်နည်းနဲ့ နေလိုက်ကြခြင်းသည်သာ အကောင်းဆုံးဟူသော စိတ်ရောဂါနှင့် အကြောက်တရားကို စွဲကပ်စေခဲ့သည်။

(ဃ) လက်တစ်ဆုပ်စာ လူတစ်စုမှလွဲ၍ တိုင်းပြည်နှင့်အဂ္ဂမ်း အဖက်ဖက်မှ ချွတ်ခြုံကျလျက် အမျိုးသားရေးဂုဏ်သိက္ခာ တစ်ပြားသားမှ မကျန်အောင် ကျဆင်းခဲ့ပြီး နိုင်ငံတစ်ခု၏ ဥပဓိရုပ်ပျက်ယွင်းခဲ့ရသည်။

ဤသို့လဆင် မြန်မာပြည်သည် မဆလခေတ်တွင် နူနာရောဂါရခဲ့သည့်အဆင့်မှ နဝတ၊ နအဖခေတ်တို့တွင် ဂဲစွဲသည့်အဆင့်သို့

ရောက်ရှိကာ မြန်မာလူထုမှာ လဲရာသူခိုး ထောင်းခံခဲ့ကြရသည်။ တစ်ပြိုင်တည်းမှာပင် ကမ္ဘာ့အဆင့်မီ သူကြွယ်စာရင်းဝင် ဖြစ်ကုန်ကြသော စစ်ဗိုလ်ချုပ်တို့မှာ ဓနဥစ္စာထုပ်ကြီးများ ကိုယ်စီပိုင်ရင်း လူစာရင်းမှ အဖျက်ခံရကာ ဘဂလမ်းဆုံးတိုင် ကုန်ကြတော့သည်။

***

# ငါး

ဩ… ဗိုလ်ချုပ်မှူးကြီးဟောင်းက သိပ်တော်သတဲ့လား

ပြည်တွင်းပြည်ပမှ အချို့သော နိုင်ငံရေးစိတ်ဝင်စားသူတို့သည် ပင်စင်စားဗိုလ်ချုပ်မှူးကြီး၏ ဉာဏ်ရည်ဉာဏ်သွေးကို ဂုဏ်တင်၍ ပြောဆိုနေမှုများအပေါ် စာရေးသူအနေဖြင့် အောက်ပါအတိုင်း ဆန်းစစ်ချက်ထုတ်လိုသည်။

၁၉၈၈ ခုနှစ် အာဏာသိမ်းစစ်အစိုးရသည် အာဏာရလျှင်ရချင်း တည်ဆောက်ပြုပြင် မြန်ပြည်တစ်ခွင်ဟူသော ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံး ထုံးသုတ်သည့် စီမံချက်ကို စတင်အကောင်အထည် ဖော်ခဲ့လေ၏ ။ ရှိသမျှ သယံဇာတကို သူခိုးဈေးဖြင့် မသူတော်မိတ်ဖက်နိုင်ငံများသို့ စတင်ခိုးထုတ်ရင်း စစ်တပ်၏ အဆင့်အသီးသီးမှာ အာဏာ၏ အရသာကို အငမ်းမရ မြည်းစမ်းခွင့် ရခဲ့ကြသည်။ အရည်အသွေး တစ်ပြားသားမှမရှိ အဆင့်မမီသည့် လမ်းသစ်များ၊ အဆောက်အဦသစ်ကြီးများကို ရင်သပ်ရှုမောဖြစ်ကာ မမြင်ဖူး မူးမြစ်ထင်လျက်၊ ကိုယ့်ကိုကိုယ် အဟုတ်ကြီးထင်မှတ်၍ သွေးနားထင်ရောက်ကုန်ကြသည်။ သတိပြုရန်ကောင်းသောအချက်မှာ ထိုစီမံကိန်းတို့သည် စစ်တပ်အသိုင်းအဝိုင်းနှင့် နီးစပ်သည့် လက်တစ်ဆုပ်စာ လူတန်းစားအတွက် ရွှေမိုးငွေမိုးရွာသကဲ့သို့ ဖြစ်နေခဲ့ရာ၊ အခြေခံ စားဝတ်နေရေးအတွက် ပါဝင်ဆက်စပ်

ပတ်သက်လုပ်ကိုင်ခဲ့ကြရသည့် ပြည်သူလူထုအချို့ကိုပင် နဝေတိမ်တောင်ဖြစ်အောင် ဆွဲဆောင်နိုင်ခဲ့ကြသည်။

စာရေးသူသိကျွမ်းခဲ့သော တပ်မမှူးဗိုလ်မှူးကြီးတစ်သီးမှာ ၁၉၈၈ အာဏာသိမ်းချိန်က ရောင်စုံတီဗီပင် မရှိသည့် အခြေအနေမှသည် ၁၉၉၀ ခုနှစ်တွင် မိုးမခရိပ်သာ၌ ဟီးထနေသော ခေတ်မီစံအိမ်ကြီးကို ဆောက်နိုင်ခဲ့သည်မှာ မျက်မြင်ကိုယ်တွေ့ ဖြစ်၏ ။ အတိုက်အခံတို့၏ အင်အား၊ စစ်တပ်အပေါ် ပြည်သူလူထုထောက်ခံမှု ပကတိအခြေအနေတို့ကို မှန်ကန်စွာ ဆင်ခြင်သုံးသပ်နိုင်ခြင်း မရှိဘဲ ၁၉၉၀ ပြည့်နှစ်တွင် ပါတီစုံရွေးကောက်ပွဲ ကျင်းပပေးခဲ့လေရာ အထင်နှင့်အမြင် ပါစင်အောင်လွဲခဲ့ပြီး အတိုက်အခံ အန်ကယ်လ်ဒီပါတီသည် ယှုံနိုင်စရာမရှိအောင် တောင်ပြိုကမ်းပြိုအောင်ပွဲခံခဲ့လေ၏ ။

ဤတွင် စစ်အုပ်ချုပ်ရေးယန္တရား အဆင့်ဆင့်ဖြစ်သော ရဂတ၊ မဂတ၊ ခဂတ၊ တဂတနှင့် နဂတ နေရာအသီးသီး အဆင့်အသီးသီးတွင် နေရာယူထားကြသူများမှာ တည်ဆောက်ပြုပြင်မြန်ပြည်တစ်ခွင် စီမံကိန်းကြီးများနှင့် တည့်တည့်တိုးကာ လာဘ်ပေးလာဘ်ယူစနစ်၏ ချိုမြိန်မှု အာဏာရသော စည်းစိမ်၏ အရသာကို စတင်တွေ့ရှိနေကြပြီး ရုံးတစ်ရုံး ဓားတစ်စင်းအာဏာကို မက်မောစပြုနေချိန်ဖြစ်လေရာ အာဏာလွှဲပြောင်းရေးကို လေသံမျှပင် မကြားချင်ကြတော့ချေ။ စစ်တပ်ဆက်၍ မိုးကောင်းခြင်းဖြင့် မိမိတို့အကျိုး ဖြစ်ထွန်းမည့်လမ်းစကို တွေ့ရှိကုန်ကြပြီ ဖြစ်၏ ။

ထိုသို့ဖြင့် စစ်တန်းလျားသို့ ပြန်သွားမည်ဟု စကားကျွံမိသော မူလလက်ဟောင်း ဗိုလ်ချုပ်မှူးကြီးသည် ဖြုတ်ထုတ်သတ်စာရင်းတွင်ဝင်ကာ မထင်မရှား ပျောက်ကွယ်သွားခဲ့ရပြီး နောက်တက်လာသော မောင်ပုလဲဗိုလ်ချုပ်မှူးကြီး၏ ဩဇာအာဏာစက်အောက်ဝယ် တညီတညွတ်တည်း သွေးစည်မိလျက်သား ဖြစ်ကုန်လေတော့သည်။

ရွေးကောက်ပွဲကျင်းပပေးခဲ့ခြင်းသည် အာဏာလွှဲပြောင်းပေးရန် မဟုတ်ဟု စစ်ဗိုလ်ချုပ်အားလုံး တစ်လေသံတည်း ထွက်လာကြတော့၏။

ဗိုလ်ချုပ်မှူးကြီးအသစ်သည် မိမိတို့ဘဂ၊ မိမိတို့ကမ္ဘာ၏ ကျေးဇူးရှင်ကြီးအဖြစ်သို့ ဒုတ်ဒုတ်ထိ ရောက်ခဲ့၏။ ဗိုလ်ချုပ်မှူးကြီး၏ ဩဇာသည် သူတို့၏ စည်းစိမ်၊ ဘဂလုံခြုံရေးနှင့် တိုက်ရိုက်နွယ်မှုရှိလာ၏။ ရာထူးအတက်မြန်လျက် ကြီးပွားသည်ထက် ကြီးပွားလာကြသော စစ်ဗိုလ်ချုပ်တို့မှာ ဗိုလ်ချုပ်မှူးကြီးနှင့် ကျွန်းရင်းသခင်ရင်း ဖြစ်လာကုန်ကြတော့သည်။ ထိုမှသည် နောက်တော်ပါဗိုလ်ချုပ်တို့သည် ဗိုလ်ချုပ်မှူးကြီး လက်ညှိုးညွှန်သမျှ ရေဖြစ်စေမည့် ဘောင်းတော်ညိမ့်စိတ်တော်သိသူများ ဖြစ်လာကြ၏။ ဘက်တစ်ဘက်တည်းမှာ လက်မရွံ့တို့ အခိုင်အမာ စုစည်းမိလာ၏။ စစ်ဗိုလ်ချုပ်တို့ အစွယ်ပေါက်ကုန်ကြကာ ဘယ်သူခွဲခွဲ တို့မကွဲသော စည်းလုံးမှု ဖြစ်လာ၏။

ဤသို့လျှင် ဗိုလ်ချုပ်မှူးကြီး၏ ဩဇာအာဏာစက်သည် ခိုင်မြဲသထက် ခိုင်မြဲလာသည်ကို အမှန်ကိုမမြင်နိုင်သည့် အကဲခတ်သမားများအဖို့ ပင်စင်စား ဗိုလ်ချုပ်မှူးကြီးအား လူတော်စာရင်းသွင်းသည့် အခြေသို့ ဆိုက်ရောက်ခဲ့လေတော့သည်။ စားဖားတို့ ညီညွတ်ရေးဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကို သတိရစရာ ကောင်းလှချေသည်။ စင်စစ် ဗိုလ်ချုပ်မှူးကြီးတော်ခြင်းမဟုတ်၊ စားဖားများ ညီညွတ်သဖြင့် မသူတော်တို့အင်အားကောင်းကာ အာဏာကိုရေရှည်ချုပ်ကိုင်နိုင်ခဲ့ပြီး မြန်မာပြည်ကို ကပ်ကြီးသုံးပါး ဆိုက်စေခဲ့ခြင်းသာ ဖြစ်လေ၏။

***

## ခြောက်

မထူးဇာတ်ခင်းရန် လက်တစ်လုံးအလိုမှသည်

နောက်ဆုံးတွင်ကား မြန်မာစစ်အစိုးရသည် ၎င်းတို့ ရင်ဆိုင်ကြုံတွေ့နေရသော အထွေထွေအကျပ်အတည်းကို ဖြေရှင်းရန် ချုပ်ကိုင်ထားခြင်းမှ အလွန်အမင်း ပူးပေါင်းဆောင်ရွက်ရသော ပုံစံသို့ ပြောင်းလဲသွားခဲ့သည်။ ထိုရွေးလမ်းမှာလည်း စစ်ဗိုလ်ချုပ်တို့ မသမာသော နည်းလမ်းမျိုးစုံဖြင့် ရာဖွေစုဆောင်းထားသမျှ ကမ္ဘာအနှံ့အပြားမှ ဘဏ်များရှိ စည်းစိမ်ဥစ္စာအားလုံး ဆုံးရှုံးကုန်ရမည့်အရေး ဖြစ်လေရာ ထိုရွေးလမ်းကို စွန့်လွှတ်၍ ဒီမိုကရေစီလမ်းကြောင်းပေးသို့ တက်ပြီဟု ကြေညာခြင်းဖြင့် ထွက်ပေါက်ရှာခဲ့ကြ၏။ စိတ်ကြိုက်ပုဂ္ဂိုလ်များပါဝင်သော ကမ္ဘာ့အချိန်အကြာဆုံး ညောင်နှစ်ပင်ညီလာခံအား ဖြုန်းစားကြီး တက်သုတ်ရိုက်ဆုံးခန်းတိုင်စေကာ ယင်းတို့သဘောကျ ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်တွင် ဇွတ်အတင်းအဓမ္မ အတည်ပြုခဲ့လေတော့သည်။ နောက်ဆက်တွဲအဖြစ် ၂၀၁၀ ခုနှစ်တွင် အမည်ခံရွေးကောက်ပွဲ ကျင်းပခဲ့ပြီး မဲလိမ်မဲခိုး၊ နောက်တိုးမဲ၊ ကြိုတင်မဲများကို အသုံးပြုလျက် စစ်တပ်ကျောထောက်နောက်ခံ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီကို အနိုင်စေကာ ၂၀၁၁ တွင် ဒီမိုကရေစီလွှတ်တော် ပေါ်ပေါက်လာစေခဲ့သည်။

ထိုကာလကို ပြန်လည်သုံးသပ်ပါက တွင်းဆုံးကျမြန်မာပြည်၏ လွှတ်တော်သည် မည်သည့်အရေးကိုမျှ ပြနိုင်ခြင်းမရှိဘဲ တရုတ်လက် ထိုးအပ်ရမည့် ကြွေးဆုံးတိုင်းပြည် နိုင်ငံတကာကြွေးမြီ ဇရပ္ပနှင့် အစည်းအဝေးခန်းမထဲတွင် ငုတ်တုတ်ထိုင်နေရန်သာ ရှိသည့် မရှုနိုင် မကယ်နိုင်အခြေအနေကို သုံးသပ်နိုင်သည်။ မြန်မာစစ်အစိုးရ၏ ဒီမိုကရေစီ အကူးအပြောင်းကို ကိုယ်ကျင့်သိက္ခာတရား အလေးထားသည့် အဆင့်အထိ တိုးတက်ခေတ်မီနေကြသော မည်သည့်နိုင်ငံကမျှ အယုံအကြည်မရှိခဲ့ကြချေ။ အကယ်၍ သာ နအဖအစိုးရ၏ အတွင်းရေးအမှန်ကို စနစ်တကျ သုံးသပ်နိုင်ခဲ့ပါမူ

မြန်မာပြည်သည့် တွင်းဆုံးကျနေခဲ့ပြီဖြစ်ကြောင်း ထင်ရှားစွာ မြင်နိုင်သည်။

ထိုအခြေအနေတွင် မြန်မာစစ်ဗိုလ်ချုပ်တို့သည် အဘယ်ကြောင့် တရုတ်နိုင်ငံ၏ အကူအညီကို မရယူခဲ့ပါသနည်းဟု စာဒကတက် မေးခွန်းထုတ်ဖွယ် ရှိသည်။ ကွန်မြူနစ်စနစ်ကို ကျင့်သုံး၍ တရုတ်လူထုကိုပင် လူတန်းစေ့အောင် ဖန်တီးမပေးနိုင်သော တရုတ်အစိုးရသည် မြန်မာပြည်ကို ဖွံ့ဖြိုးတိုးတက်စေမည့် ကူညီထောက်ပံ့မှုမျိုးအတွက် စေတနာ ဗလာနတ္ထိ၊ အရည်အချင်းလည်း မရှိ၊ ပေါ်လစီမူဝါဒလည်း မရှိချေ။ တရုတ်ကျင့်သုံးသော မူဝါဒမှာ လူမိုက်အားပေး၊ သူခိုးလက်ခံ စနစ်သာ ဖြစ်သည်ကို မြောက်ကိုရီးယားနှင့် မြန်မာနိုင်ငံ ဖြစ်ရပ်တို့က ခိုင်မာစွာ သက်သေပြလျက် ရှိသည်။

ကမ္ဘာပေါ်တွင် တရုတ်ကားကိုးဖြင့် လူတစ်လုံး သူတစ်လုံး ဖြစ်နေသောနိုင်ငံဟူသည် မရှိချေ။ လူ့သမိုင်းသည် တစ်ခါတစ်ရံတွင် လူမိုက်တို့ကို အားပေးအားမြှောက် ပြုတတ်ပြန်လေ၏ ။ အဆိုပါ မြန်မာစစ်ဗိုလ်ချုပ်တို့ အခက်ကြီးကြုံ၊ ရတက်မီးပုံ ပွားနေစဉ်တွင်ပင် အမေရိကန်နိုင်ငံသည် အာရှပစိဖိတ်ဒေသတွင်းဆီသို့ မဟာဗျူဟာမြောက် ခြေလှမ်းများဖြင့် ဝင်ရောက်လာခဲ့ချိန်နှင့် ထူးခြားစွာ တိုက်ဆိုက်နေခဲ့ပြန်ရာ ဤသည်ပင် စစ်အစိုးရအား လူမိုက်ကံကောင်းစေသည့်အချက် ဖြစ်နေပြန်လေသည်။

***

## ခုနှစ်

ဘယ်ခြောက်ကာ ညာလှမ်းလာသည့် အမေရိကန်

အမေရိကန်၏ မဟာကရုဏာတော်ကြောင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) သို့ ဝင်ရောက်ခွင့်ရခဲ့သော တရုတ်နိုင်ငံသည် အနောက်နိုင်ငံရောက်

တရုတ်အမျိုးသားများထံမှ အနောက်အုပ်စု၏ ခေတ်မီနည်းပညာတို့ကို တရားဝင်ရော တရားမဝင်နည်းလမ်းများဖြင့်ပါ ရရှိလာခဲ့ပြီး အလျှံပယ်နေသည့် လူ့လုပ်အားအရင်းအမြစ်တို့ကို အသုံးပြုလျက် ကွယ်လွန်သူ တရုတ်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်၏ `ချမ်းသာခြင်းသည် တင့်တယ်၏ ' ဟူသော အဆိုအမိန့်အတိုင်း မြေဝယ်မကျ နာယူလုပ်ဆောင်ခဲ့ကြသည်။ ကိုယ်ကျင့်တရား မပါရှိသော တရုတ်ပြည်၏ စီးပွားရေးချဲ့ထွင်မှုသည် ကမ္ဘာတစ်ဝန်းလုံးသို့ နှစ်တိုတိုအတွင်း ကြောက်ခမန်းလိလိ ပျံ့နှံ့သက်ရောက်လာခဲ့သည်။

ထို့နောက် တစ်ဆင့်တက်၍ အာရှဒေသတွင် တရုတ်တို့စစ်အင်အားဖြင့် ဖြန့်ကျက်စိုးမိုးရန်အထိ ခြေလှမ်းကျဲလာသောအခါ ဆရာရင်းဖြစ်သူ အမေရိကန်နှင့်ပြန်၍ ထိပ်တိုက်တိုးခဲ့သည်။ ထိုအချိန်တွင် အမေရိကန်အပါအဝင် အနောက်အုပ်စု၏ စီးပွားရေးမူဝါဒသည် ကမ္ဘာ့အရှေ့ဘက်ခြမ်းဆီသို့ ပြန်လည်ဦးတည်လာနေချိန်ဖြစ်ရာ အာရှပစိဖိတ်ဒေသအပေး မဟာဗျူဟာမြောက် စိုးမိုးထားနိုင်ရေးအတွက် စီမံချက်ရေးဆွဲရာမှ မြန်မာနိုင်သည့် စစ်ရေး နိုင်ငံရေး ပထဝီဝင်တွင် အချက်အချာနေရာ ပါဝင်လာခဲ့လေတော့သည်။ ထို့ကြောင့်ပင် အမေရိကန်အစိုးရသည် မြန်မာစစ်ဗိုလ်ချုပ်အချို့နှင့် အပေးအယူသဘော ညှိနှိုင်းခဲ့ကြဟန်ရှိသော မြန်မာ့ဒီမိုကရေစီရေးကို နည်းလမ်းပေါင်းစုံဖြင့် ထွန်းအားပေးလာခဲ့သည်။ နည်းပညာများ၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများအတွက် အစကနဦးခြေလှမ်းများ ပျိုးခဲ့သည်။ ပြည်တွင်းမီဒီယာ လွတ်လပ်ခွင့်ကို အတိုင်းအတာတစ်ရပ်အထိ ပွင့်လင်းစေခဲ့သည်။

အမေရိကန်၏ ကျေးဇူးတော်ကြောင့် မြားမြောင်လှစွာသော နိုင်ငံတကာ ကြွေးမြီတို့ကို ပြန်လည်ပေးဆပ်ရန် မလိုတော့ဘဲ လက်ရှိမြန်မာနိုင်ငံအစိုးရကို အသက်ရှူချောင်စေခဲ့သည်။ တားဆီးပိတ်ဆို့မှုများကို ဖယ်ရှားကာ ဥရွံ့အတွင်းမှ စစ်ဗိုလ်ချုပ်တို့အား ကမ္ဘာ့အနှံ့သို့ လည်ပတ်သိမြင်ခွင့် ပေးခဲ့သည်။

ပြည်တွင်းလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ငွေကြေးပံ့အောထောက်ပံ့ခဲ့သည်။ အန်ဂျီအိုအဖွဲ့အစည်းများမှ ငွေကြေးများကို ပြည်တွင်းသို့ တိုက်ရိုက်စီးဆင်းစေခြင်းဖြင့် ပြည်ပရောက် မြန်မာအတိုက်အခံတို့ကို ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ရန် ပညာသားပါပါ ကျုံးသွင်းပေးခဲ့သည်။ တစ်ချိန်တည်းမှာပင် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်တော်တွင်းသို့ ရောက်ရှိစေခဲ့သည်။ လူထုထောက်ခံမှု အင်အားကြီးမားသော ရှစ်ဆယ့်ရှစ်မျိုးဆက်ကို ဂျော့ဆိုးရော့ကဲ့သို့ ဇရာမထိပ်သီး အလှူရှင်ကြီးနှင့် ချိတ်ဆက်ပေးခြင်းဖြင့် လူထုအုံကြွမှု ဖြစ်ပေါ်မလာရန် ကာကွယ်ထားနိုင်ခဲ့သည်။

မြစ်ဆုံစီမံကိန်းကို သမ္မတကြီးဦးသိန်းစိန်၏ စီမံကြံဆချက်ဖြင့် ရပ်ဆိုင်းခဲ့ခြင်းသာ မှန်ကန်ခဲ့လျှင် သမ္မတကြီးအား မင်းရဲကျော်စွာ၊ တပင်ရွှေထီးတို့ကဲ့သို့ ရာဇဝင်လူစွမ်းကောင်းစာရင်းတွင် မော်ကွန်းထိုးရပေလိမ့်မည်။ သို့သော် မြစ်ဆုံစီမံကိန်းသည် တရုတ်တို့၏ မြန်မာပြည်ဝါးမျိုရေး မဟာဗျူဟာမြောက် အစီအမံကြီး ဖြစ်လေရာ တရုတ်ဩဇာခံ မြန်မာဗိုလ်ချုပ်တို့က ရပ်ဆိုင်းပစ်ခဲ့သည်ဆိုလျှင် ယုံတမ်းစကား၊ အိပ်ယာဝင်ပုံပြင်သာ ဖြစ်ပေလိမ့်မည်။ မြစ်ဆုံရပ်ဆိုင်းရေးတွင် အမေရိကန်သည် မြန်မာနိုင်ငံ၏ ကျောထောက်နောက်ခံအဖြစ် အခိုင်အမာရပ်တည်၍ မီးစိမ်းပြခဲ့သည်မှာ ယုံမှားဖွယ်မရှိချေ။

***

## ရှစ်

သယ်.... ငါပဲ့ယောက်ျား သိကြားဘီလူး အမည်ထူးနှင့်

လက်ရှိ မြန်မာ့ဒီမိုကရေစီလွှတ်တော်နှင့် အစိုးရအဖွဲ့၏ ကမောက်ကမ အပြုအမူနှင့် ခြေလှမ်းများမှာ၊ သင်္ဂဇာဆရာတော်၏ တရားတော်မှ

ဥပမာပြပုံပြင်တစ်ပုဒ်ကို ပြေး၍ သတိရချင်စရာ ကောင်းလှပေ၏။

ထန်းတောရွာက ဇာတ်ဆရာမောင်ဟိန်းသည် အုပ်ထိန်းသူအကြီး ဦးစီးနာယကနည်းပေးလျက် ရုပ်သေးက,ပြီး အသက်မွေးသတတ်။ တစ်ညသောအခါ ရွာတစ်ရွာတွင် ရုပ်သေးပြရာ ဝိဇယမင်းသားဇာတ်ထုပ်ကို ခင်းသည်တွင် ယခင်ဇာတ်ဆရာ မောင်ဟိန်းသည်လည်း ခပ်သိမ်းသောအခန်း လူကြမ်းအကွက်ကို သေတ္တာမှောက်နားလည်၏။. ထိုဇာတ်ဆရာမောင်ဟိန်းသည် မှေးစက်အိပ်ပျော် သန်းခေါင်ကျော်လျှင် အဖော်တပည့်ရင်းတို့က ဘီလူးမင်းကြီးထွက်ခန်း ကျလာပြီ။ ထပါဆရာကြီး ကြာတော့ပြီးရော့မည်ဟု နှိုးလေသည်။

ထိုအခါ ဇာတ်ဆရာမောင်ဟိန်းသည် မှိန်းစက်ရာက အနှိုးတွင် ဇဝိုးဇဝါး စိတ်အမှတ်မှားပြီးလျှင် သိကြားရုပ်ကို ဘီလူးရုပ်ထင်ရွေ့ အလျင်ဖြုတ်လျက် ရုတ်တရက်ထွက်လာရာ လက်မှာ သိကြားရုပ်ကို ကိုင်ဆွဲ၍ "ငါပဲ့ယောက်ျား ယက္ခဒီပ အစိုးရငယ်သည်..." ဤကဲ့သို့ မောင်ဟိန်း ဘီလူးကြိမ်းသည်တွင် ပွဲသဘင်ရှုသူ ရုပ်ရှာသူများက သိကြားရုပ်ကိုမြင်သဖြင့် "ဟင့်အင်း... ဆိုတာက ဘီလူးစကား သိကြားကို ကိုင်စွဲ၍ ဆရာဟိန်း လွဲပြီ" ဟု ပြောကြသောအခါ ဇာတ်ဆရာက အရုပ်ကို ငဲ့ကြည့်လျက် သိကြားရုပ်မှန်းသိ၍ "သယ်... ငါပဲ့ယောက်ျား သိကြားဘီလူး အမည်ထူးနှင့်" စသည်ဖြင့် ရုပ်ဆောင်၍ တော်ရော်အောင် ပြောရသတဲ့။

ဤအတူ ယခုဦးပဥ္စင်းကြီးမှာလည်း ရှေးလူဖြစ်စဉ်အခါက ကဲ့သို့ချည်း မှတ်လျက် ဇာတ်ဆရာမောင်ဟိန်းလို ဘီးလူးကြိမ်းတဲ့ဟန်ရှိသည်ဟု မိန့်တော်မူသောအခါ အပါးတော်မှာရှိကြသော ရဟန်းပရိသတ်တို့သည် အထပ်ထပ်ရယ်မော၍ တသောသော နေကြလေကုန်သတည်း။
(သင်္ဂဇာဆရာတော်၏ ဥပမာ သမူဟ ဂီရက္ကမကျမ်း)

ကျွန်တော် မြင်ဖူးသမျှ အစိုးရအဖွဲ့ဝင်နှင့် လွှတ်တော်အမတ်အများစုမှာ ခင်းနေသော ဇာတ်ကို မသိဘဲ ရရာအရုပ်ဆွဲထုတ်လာကာ ကိုယ့်ကိုကိုယ်

ဘီလူးမှန်းမသိ၊ သိကြားမှန်းမသိကြသူများ ဖြစ်ကြလေသည်။

စစ်ဗိုလ်အမတ်တို့မှာ လွှတ်တော်အတွင်းတွင် ငုတ်တုတ်ထိုင်နှုတ်ဆွံ့ကြကုန်၏။ အကြံပေးအမတ်၊ လွှတ်တော်အမတ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးတို့သည် မီးပျက်လျှင် ဖယောင်းတိုင်ထွန်းကြ၊ ထမင်းတစ်နပ်လျှော့စားကြ၊ တရုတ်ကို ကြောက်လို့ပါ၊ တစ်နေ့စာအတွက် နှစ်ထောင့်ငါးရာကျပ်ဆို လုံလောက်ပြီ၊ နယ်လှည့်ပါးရိုက်မည်၊ တစ်ပြည်လုံး နွားနို့သောက်ကြ... ဟူသော ပြက်လုံးသာသာ မိန့်မှာချက်များ ပေါ်ထွက်လာသည်မှာ ထွက်ဟော့ထွက်ဟော့ဆို၍ သာ ထွက်လာကြရသည် ဘာဇာတ်ကနေမှန်းမသိသည့် ဇာတ်သမားတို့နှင့် တူလှချေ၏။

စစ်ဗိုလ်ချုပ်တို့ တန်ခိုးထွားခဲ့သည့်ခေတ်ကို တမ်းတနေဆဲဖြစ်သည့် အစိုးရအဖွဲ့ဝင် အများစုမှာ အတွေးအမြင် ကျဉ်းမြောင်းကြသူများပီပီ အခွင့်အရေးမှန်သမျှ လက်တစ်လုံးခြားနည်းဖြင့် လက်ကုန်နှိုက်ရန် ကြိုးပမ်းနေကြဆဲ ဖြစ်သည်ကို ရန်ကုန်တစ်ဖက်ကမ်း မြို့သစ်စီမံကိန်းက သက်သေပြလျက် ရှိသည်။ အချို့မှာ ဒီမိုကရေစီဘက်တော်သား ဟန်ဆောင်ကာ လူမှုမီဒီယာကွန်ရက်များပေါ်တွင် တောင်မရောက် မြောက်မရောက် ဒီမိုကရေစီလေသံ ပစ်လာကြသည်။

ဘာသာရေး၊ လူမျိုးရေး အဓိကရုဏ်းများ ဖန်တီးကား ရှုပ်ထွေးသော ပီအာစနစ်ဖြင့် အာဏာတည်မြဲရေးအတွက် အောက်လမ်းနည်းများကို ထုတ်သုံးရန် အားထုတ်လာကြသည်။

ကြားဖြတ်ရွေးကောက်ပွဲကို ဖျက်သည်၊ ပြင်ဆင်သင့်သည့် ဥပဒေများကို မျက်ကွယ်ပြုသည်။ ဒီမိုကရေစီ အကူးအပြောင်းကာလတွင် လယ်ယာမြေတို့ကို စစ်အစိုးရလက်ထက်က အထောက်အထားများကို အသုံးပြုကာ ဥပဒေနှင့်မညီဘဲ ဇွတ်အတင်း အဓမ္မသိမ်းပိုက်နေသည့် လုပ်ရပ်တို့ကို ဦးသိန်းစိန်အစိုးရပင် လက်ပိုက်ကြည့်နေရသည်အထိ ဖြစ်လာခဲ့ရာ မြန်မာနိုင်ငံ၏

ဒီမိုကရေစီအကူးအပြောင်းသည် ထူးမခြားနားပတ်ပျိုးဖြင့် လေးနှစ်ဝန်းကျင်သို့ တိုင်ခဲ့သည်။ ထိုသို့ဖြင့် လာမည့်နိုဝင်ဘာလ ၁၁ ရက်နေ့၌ အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် မြန်မာနိုင်ငံ နေပြည်တော်တွင် ကျင်းပမည့် အာစီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဟူသော သတင်းထွက်ပေါ်လာခဲ့သည်။

***

## ကိုး

လက်ရည်တစ်ပြင်တည်း နီးဒေါင်းလန်းကြီးတွေနဲ့ ဝိုင်းဖွဲ့ကာ စားခဲ့ကြသည်မောင်

ယခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ သမ္မတကြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပါအဝင် မြန်မာ့ထိပ်သီးခေါင်းဆောင်များဟု ဆိုကာ ပုဂ္ဂိုလ်ဆယ့်လေးဦး တွေ့ဆုံခဲ့ကြခြင်းမှာလည်း အမေရိကန်သမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်နှင့် ချိန်ကိုက်၍ ဖြစ်ပေါ်လာခြင်းဖြစ်ရာ အဆိုပါဆွေးနွေးပွဲကို ဖန်တီးခဲ့သူမှာ အမေရိကန်ပင် ဖြစ်ဟန်ရှိသည်။ မြန်မာအစိုးရအဖွဲ့ခေါင်းဆောင်ဖြစ်သော သမ္မတသည် ကာကွယ်ရေးဦးစီးချုပ်ကို ညွှန်ကြားညှောင်းဟန် မတူချေ။ ထို့ကြောင့် ထိုဆွေးနွေးပွဲတွင် အဓိက အခရာကျသူနှစ်ဦးမှာ ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သာ ဖြစ်၏ ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် စစ်ဗိုလ်အမတ်တစ်မတ်သား လျှော့ချရေးတို့တွင် ဗိုလ်ချုပ်မင်းအောင်လှိုင်၏ သဘောထား ပျော့ပျောင်းမှုနှင့် ဆင်ခြင်တုံတရားသည် မြန်မာ့ဒီမိုကရေစီရှေ့ခရီးတွင် အလွန်တရာ အရေးပါနေသည်။

ဆွေးနွေးပွဲရလဒ်သည် ၂၀၁၅ ရွေးကောက်ပွဲအတွက် အတိတ်စိမ်းဖြစ်၍ မြန်မာ့တပ်မတော်အနေဖြင့် အကောင်းဘက်သို့ သဘောထားပြောင်းရန် အချက်ပေးလိုက်သည့် အမေရိကန်၏ ခေါင်းလောင်းထိုးသံပင် ဖြစ်လေသည်။

သမ္မတကြီးဦးသိန်းစိန်သည် သဘောထားတင်းမာသူစာရင်းတွင် မပါဝင်ချေ။ စာရေးသူ တွေ့မြင်ရသမျှ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ သွင်ပြင်ရုပ်ဟန်မှာ ခင်မင်နှစ်လိုဖွယ် ကောင်းသည်။ ကောက်ကျစ်စဉ်းလဲသည့် ရုပ်လက္ခဏာမဟုတ်။ သူ့အရယ်အပြုံးတွင် ဟန်ဆောင်မှုကို မတွေ့ရဘဲ ပွင့်လင်းရိုးသားမှုကို ဆောင်နေသည်။ သို့သော် နောက်ကွယ်တွင်ရှိနေသော ဆရာသမားကောင်း၏ လမ်းညွှန်စေစားမှု ရှိနေနိုင်သည်ဖြစ်ရာ သူ၏ ကိုယ်ပိုင်ဆင်ခြင်တုံတရားကို စောင့်ကြည့်လေ့လာရပေဦးမည်။

ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သူ ရှမ်းခေါင်းဆောင် ဦးခွန်ထွန်းဦးကမူ ဆွေးနွေးပွဲမဟုတ်၊ မိတ်ဆုံထမင်းစားပွဲမျှသာ ဖြစ်သည်ဟု ဆိုသည်။ ရခိုင်ခေါင်းဆောင် ဒေါက်တာအေးမောင်ကလည်း တိုင်းရင်းသားပေါင်းစုံ ကိုယ်စားလှယ်များ ပါဝင်ခွင့်မရသည့်အတွက် သမ္မတတွင် တာဝန်ရှိကြောင်း ဖွင့်ဟပြောဆိုသည်။

အားမနာတမ်းဆိုရလျှင် ဤဆွေးနွေးပွဲတွင် လူပိုများပါနေသည်။ အစိုးရအဖွဲ့ တာဝန်ရှိသူတို့သည် ဒေါ်အောင်ဆန်းစုကြည်၏ လေးပွင့်ဆိုင်တွေ့ဆုံရန် ကမ်းလှမ်းမှုကို မြွေမသေ တုတ်မကျိုးသည့်နည်းဖြင့် တုံ့ပြန်ခဲ့ခြင်းသာ ဖြစ်သည်။ ထိုဆွေးနွေးပွဲအပြီး ကျေနပ်ဖွယ်အဖြေ တစ်စုံတစ်ရာ ပေါ်ထွက်မလာသည့်အခါ အမေရိကန်သည် တောင်သာအမတ်မင်းကို အမည်ပျက်စာရင်းသွင်းကာ သတိပေးမီးကျည်ကို ပစ်ဖောက်ခဲ့သည်။ အဆိုပါဖြစ်စဉ်အပေါ် နာမည်ကြီးလွှတ်တော်အမတ်တစ်ဦးကမူ ကြံ့ခိုင်ရေးပါတီကို ထိုးနှက်ရန် အန်အယ်လ်ဒီနှင့် အမေရိကန်တို့၏ ပူးတွဲလုပ်ရပ်ဟု ပေ့ါပေ့ါတန်တန် လက်လွတ်စပယ်စကား ဆိုခဲ့သည်။

***

# တစ်ဆယ်

သမ္မတကြီးရယ်၊ စိုးရိမ်မိတယ်

၂၀၁၂ ခုနှစ်တွင် သမ္မတအိုဘားမား မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိခဲ့စဉ်က သမ္မတ ဦးသိန်းစိန်နှင့် ရန်ကုန်မြို့၊ ပြည်သူ့ရင်ပြင်အနီး ရန်ကုန်တိုင်းလွှတ်တော်၌ တွေ့ဆုံခဲ့ရာ ထိုနေ့က ပြည်လမ်းနှင့် အလုံလမ်းဆုံရာ မီးပွိုင့်တွင် ဗျိုင်းလေးကောင်ကို ခြေထောက်အား ကြိုးတုပ်ကာ နေရာချထားသည်ကို တွေ့မြင်ကြရသည်ဟု ဆိုပါသည်။ မြန်မာအစိုးရသည် အကျပ်အတည်း ကြုံလေတိုင်း ကြံရာမရဖြစ်ကာ လက်စွဲတော်ဂိုဏ်းဆရာယောင်များနှင့် ယတြာချေခြင်း အကျဉ်းထောင်များမှ လူများကို လွှတ်ပြလိုက် အတိုက်အခံများကို ဖိတ်ခေါ်ကာ ဝိုင်းဖွဲ့ထမင်းစားပြလိုက် လုပ်လေ့ရှိ၏ ။

ဤသို့သော ခပ်တိမ်တိမ်အတွေးအခေါ်ဖြင့်သာ ယခုတစ်ကြိမ် လာရောက်မည့် အိုဘားမားကို ကြိုဆိုခဲ့ပါလျှင် သမ္မတကြီး၏ ရှေ့ရေးသည် အလွန်တရာ စိုးရိမ်ဖွယ် ဖြစ်ပေလိမ့်မည်။ မကြာမတင်မီကာလ ၂၀၁၅ ခုနှစ်တွင် ဒုတိယအကြိမ်မြောက် ရွေးကောက်ပွဲ ကျင်းပရမည်ဖြစ်၍ စိန်ခေါ်မှုမျိုးစုံသည် သမ္မတကြီးအား အသင့်စောင့်ကြိုလျက်ရှိရာ ဤအမေရိကန်သမ္မတ၏ ခရီးစဉ်တွင် မြန်မာနိုင်ငံ၏ ရှေ့ရေးအစီအမံများကို အဆင်သင့် ချပြဆွေးနွေးနိုင်ရန် အဘက်ဘက်မှ တွက်ချက်စီမံထားမှသာ တော်ကာကျမည် ဖြစ်၏ ။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမတိုင်မီ သမ္မတကြီးသည် အောက်ပါစစ်မျက်နှာများကို ရင်ဆိုင်ရပေလိမ့်မည်။

(က) အကယ်၍ တရားမျှတသော ရွေးကောက်ပွဲ မဖြစ်ခဲ့ပါမူ

အစကောင်းခဲ့သော အနောက်နိုင်ငံများနှင့် ဆက်ဆံရေးသည် စလယ်ဝင် ဖင်မမည်းခင်က ကွဲကြရမည့်ကိန်း ဖြစ်၏။ အမေရိကန်အပါအဝင် အနောက်နိုင်ငံအုပ်စုသည် ၎င်းတို့၏ ခြေလှမ်းတိုင်းအတွက် အသေးစိတ် တွက်ချက်စီမံ ပြင်ဆင်ထားလေ့ရှိသည်။ အနှစ်ငါးဆယ်စာခန့် ကမ္ဘာကြီး၏ ရှေ့ရေးကို ကြိုတင်တွက်ဆထားပြီး ဖြစ်၏။ ထို့ကြောင့် မြန်မာအစိုးရအနေဖြင့် လက်တစ်လုံးခြား ကလေးကွက်များဖြင့် အမေရိကန်သမ္မတအား ရင်ဆိုင်မည့်အကြံကို ယခုကပင် လက်လျှော့ထားသင့်သည်။ အမေရိကန်တို့၏ ရှေ့ရေးအလားအလာပိုင်းဖြတ်နိုင်မှုနှင့် ဆင်ခြင်တုံတရားကို မှန်ကန်စွာ သုံးသပ်နိုင်ရန် လိုသည်။ ခိုင်မာသော ဒီမိုကရေစီ အုတ်မြစ်ကို ချနိုင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနောက်နိုင်ငံကြီးများ၏ ယုံကြည်မှုကို ရရှိပေလိမ့်မည်။

(ခ) နည်းပညာနှင့် စနဥစ္စာအရာတွင် အမေရိကန်ကို လိုက်မမီသော တရုတ်ပြည်သည် အမေရိကန်၏ အာရှပစိဖိတ်ဒေဥ မဟာဗျူဟာကို ဟန့်တားနိုင်ရန် အလို့ငှာ တရုတ်ထရိုရှုင် မြန်မာစစ်ဗိုလ်ချုပ်အချို့အား အသုံးချမည့် အကြံအစည်ကိုလည်း ကြိုတင်တွက်ဆထားရပေလိမ့်မည်။ တစ်ဖက်တွင်လည်း မြန်မာစစ်ဗိုလ်ချုပ်တို့ကို အယုံအကြည် လျော့နည်းလာသော တရုတ်အစိုးရသည် ဒေါ်အောင်ဆန်းစုကြည်ကိုပင် တရုတ်ပြည်သို့ ဖိတ်ခေါ်လျက် အနုနည်းဖြင့် ကျားပိန်တွယ် တွယ်မည့်ခြေလှမ်းကိုလည်း အထူးသတိချပ်သင့်သည်။ သမ္မတကြီးအနေဖြင့် အေပက်အစည်းအဝေးမတိုင်မီ တစ်ရက်အလို တရုတ်ပြည်တွင် တရုတ်သမ္မတ ကျန့်ဇီမင်းနှင့် တွေ့ဆုံသည့်အခါ အလွန်တရာ လိမ္မာပါးနပ်ရန် လိုသည်။

(ဂ) တရားမျှတ၍ ကမ္ဘာကလက်ခံသော ရွေးကောက်ပွဲဖြစ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်၍ မဖြစ် ဖြစ်သည့်နည်းနှင့် ပြင်ဆင်နိုင်ရန် အားထုတ်ခြင်းသည်သာ နည်းလမ်းအမှန် ဖြစ်၏။ ပီအာစနစ်သည်

နိုင်ငံရေးအကောက်ကြံမှုဟု လူထုက ယူဆကြသည်ဖြစ်ရာ ပီအာလမ်းကြောင်းကို ရှေ့ဆက်မတိုးစေဘဲ ရပ်တန်းက ရပ်နိုင်ရန် အားထုတ်သင့်သည်။

(ဃ) သတင်းမီဒီယာလွတ်လပ်ခွင့် အထိုက်အလျောက်ရရှိခဲ့သည့် အချိန်ကာလအတွင်း စစ်ဗိုလ်ချုပ်အဟောင်းအသစ်တို့၏ ငယ်ကျိုးငယ်နာများ၊ ကိုယ်ကျိုးရှာမှုများ၊ စာရိတ္တချွတ်ယွင်းမှုများကို ပြည်သူလူထုအနေဖြင့် အိတ်သွန်ဖာမှောက်နီးပါး သိခွင့်ရခဲ့ပြီးဖြစ်ရာ လက်ရှိအစိုးရ၏ အမြီးအမောက် မတည့်သောလုပ်ရပ်များအပေါ် မခံမရပ်နိုင် ဖြစ်လာသည့်အခါ ဆန္ဒပြပွဲများ လမ်းမများပေါ်တွင် မြင်လာရနိုင်သည်။ ထို့ထက်ပိုဆိုးလျှင် တစ်ပြည်လုံးအုံကြွမှုနှင့် ရင်ဆိုင်ရနိုင်သည်။ ယခုအခြေအနေသည် တပ်မတော်မှ အောင်မြင်စွာ အာဏာသိမ်းရန် လွယ်ကူသောအချိန် မဟုတ်ချေ။

(င) အနောက်နိုင်ငံများ၏ ရေရှည်ယုံကြည်ကိုးစားမှုရရှိရန် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အချိန်မီ အောင်မြင်စွာ အဆုံးသတ်နိုင်ရန် လိုသည်။ ငြိမ်းချမ်းရေးအောင်မြင်စွာ တည်ဆောက်နိုင်ရန် စစ်တပ်နှင့် အစိုးရသွဲ့ချော်နေသော အချိတ်အဆက်ကို အချိန်မီပြန်လည်တည့်မတ်ရန် အရေးတကြီး လိုအပ်သည်။

***

# တစ်ဆယ့်တစ်

ငါတို့လူမျိုး တန်ခိုးရှိဖို့

အမေရိကန်သမ္မတ အိုဘားအား၏ ခရီးစဉ်နှင့် အမေရိကန်တို့၏ အာရှပစိဖိတ်ဆိုင်ရာ မဟာဗျူဟာသည် မြန်မာပြည်ကို ကယ်တင်ရန် မဟုတ်ပါ။ အမျိုးသားလွတ်မြောက်ရေး၊ ဒီမိုကရေစီရေးဟူသည် မျှော်မှန်းသလောက် လွယ်ကူသည်မဟုတ်ရာ ကမ္ဘာကြီး၏ အရှေ့၊ ဒေသတွင်း ပြောင်းလဲမှုတို့အပေါ်

အခွင့်ကောင်းယူ၍ အားစိုက်ရန်းကန်ရသည်ချည်း ဖြစ်ပါ၏ ။
အရင်းရှင်းစနစ်ဆိုလေတိုင်း ကြောက်ရွံ့ထိတ်လန့်ဖွယ်ဟု ယူဆရန် မဟုတ်ဘဲ
ဒီမိုကရေစီစနစ်နှင့် ကိုက်ညီအောင် ဖန်တီးနိုင်ရန်သာ လိုရင်းအချက် ဖြစ်သည်။

လတ်တလောအခြေအနေတွင် မြန်မာအစိုးရအနေဖြင့် အမေရိကန်၊
အနောက်ဥရောပ အဖွဲ့ဝင်နိုင်ငံများနှင့် ကျယ်ပြန့်သော စီးပွားရေး၊
စစ်ရေးပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နိုင်ခြင်းသာလျှင် မြန်မာ့ဒီမိုကရေစီ၏
တစ်ခုတည်းသော ထွက်ရပ်လမ်းဟု ကျွန်တော် မြင်သည်။ မကြာမီ ကျင်းပတော့မည့်
အာဆီယံ ထိပ်သီးအစည်းအဝေးသို့ အိုဘားမား လာရောက်သည့်အခါ မြန်မာပြည်
ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သော သဘောတူညီချက်များ ရနိုင်ရန်
မြန်မာခေါင်းဆောင်တို့အနေဖြင့် အသိဉာဏ်ဆင်ခြင်တုံတရား မြင့်မားရန်
အထူးအရေးကြီးလျက် ရှိ၏ ။

မြန်မာ့ဒီမိုကရေစီရေးအတွက် ဦးဆောင်နေကြသည့် အတိုက်အခံ
အင်အားစုများအနေဖြင့် ထိပ်သီးဆွေးနွေးပွဲ၊ အကောင်းဖက်သို့ ချဉ်းကပ်ရန်
အကောင်းဆုံး အနေအထားဖြင့် ဝန်းရံပံ့ပိုးသင့်သည်ဟု ယူဆပါသည်။ နိုင်ငံရေးတွင်
ကြိုတင်တွက်ဆမှုမရှိဘဲ အကြောင်းတစ်စုံတစ်ရာ ပေါ်လာမှ ခေါင်းစဉ်တပ်၍
အသံကုန်ထအော်၊ ဆန္ဒပြကြခြင်းကား ဆန်စင်ရာ ကျည်ပွေ့လိုက်ခြင်းသာ
ဖြစ်လေရာ မြန်မာ့ဒီမိုကရေစီအရေးသည် သည်လိုပုံနှင့် မိုးကြိုးချုပ်ပေလိမ့်မည်။

လွန်ခဲ့သော နှစ်နှစ်ခန့်က ကမ္ဘောဒီးယား
အန်ကောဝပ်ကျောင်းတည်ရှိရာ ဆီယန်ရစ်မြို့သို့ စာရေးသူရောက်ရှိခဲ့ရာတွင်
ယင်းမြို့၏ အနီးတစ်ဝိုက်တွင် နိုင်ငံတကာအဆင့် ဓာတ်ဆီဆိုင်များ၊
ငွေထုတ်စက်များ၊ ကုန်တိုက်ကြီးများနှင့် ဟိုတယ်ကြီးများဖြင့်
ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း တွေ့ရှိခဲ့ရသည်။ ကမ္ဘောဒီးယားတစ်နိုင်ငံလုံး
ဒီပုံအတိုင်း ပြောင်းလဲနေပြီလားဟု ကျွန်တော် တည်းခိုသော ဟိုတယ်ပိုင်ရှင်
ကမ္ဘောဒီးယားလူမျိုးကို စပ်စုမေးမြန်းကြည့်ရာ သူက ပြုံးရယ်လျက်

တိုးတက်ဖွံ့ဖြိုးမှု နယ်နမိတ်သည် ခြောက်ကီလိုမီတာသာ ရှိသဖြင့် ခြောက်ကီလိုမီတာ ဒီမိုကရေစီပါဟု ဆိုလေသည်။

လက်ရှိကာလတွင် မြန်မာ့ဒီမိုကရေစီအင်အားစုများသည် အမြင်ကျယ်ကျယ်ဖြင့် ဆုတ်တက်လှုပ်ရှား ကစားနိုင်ခြင်းမရှိပါမူ မြန်မာနိုင်ငံသည် ခြောက်ကီလိုမီတာ ဒီမိုကရေစီဘဝဖြင့်သာ ဇာတ်သိမ်းပေလိမ့်မည်။

ကျွန်တော် ညွှန်းခဲ့သော အတိုက်အခံနှင့် ဒီမိုကရေစီအင်အားစုများဆိုရာ၌ အစိုးရနှင့် အမြင်မတူကြသူများကိုသာ ဆိုလိုသည်မဟုတ်ပါ။ ကမ္ဘာ့အလယ်တွင် မြန်မာ့ဂုဏ်ကို ထည်ဝါစေလိုသော ရဟန်းရှင်လူ ပြည်သူအပေါင်းနှင့် အစိုးရအဖွဲ့အတွင်းမှ အမြင်မှန်သူများ၊ မြန်မာပြည်ကို ကောင်းစားစေလိုသူများ အားလုံး ပါဝင်ပါသည်။

***

## တစ်ဆယ့်နှစ်

ဒေါင်းမြန်မာတစ်ခွင် တကောင်းရာဇဝင် ဆက်ချင်သည်

ဤဆောင်းပါးရှည်ကြီးကို ၂၀၁၅ အတွက် ပြိုမှာလေလား မိုးရဲ့ဟူသော စိုးရိမ်စိတ်အတိဖြင့် ကျွန်တော်ရေးသည်။ ကျွန်တော့်နားဝယ် တရားမျှ လွတ်လပ်ခြင်းနဲ့မသွေ များလုပ်ခပ်သိမ်း ငြိမ်းချမ်းစေဖို့ အစချီသည့် နိုင်ငံတော်သီချင်းကို ကြားယောင်လျက် ရှိ၏ ။ တိုင်းပြည်ကို လက်ညှိုးထိုးရောင်းစားခဲ့ကြသူများအား ရန်ငြိုးလို့ ပြစ်ဒဏ်ခတ်ရေးထက် အမှန်တကယ် သာယာဝပြောသော နိုင်ငံတော်သစ်ကြီးဆီသို့ စစ်မှန်သော ဒီမိုကရေစီနည်းလမ်းဖြင့် အရောက်လှမ်းနိုင်ရန်သာ ရည်သန်ပါသည်။ မည်သည့်လူမျိုးကိုမဆို ကိုယ့်တိုင်းပြည်ကို ချစ်မြတ်နိုးစမြဲဖြစ်ရာ

မြန်မာနိုင်ငံသားမှန်သမျှ မြန်မာနိုင်ငံတော်ကို ချစ်ကြသူချည်းများဟုသာ ကျွန်တော်မှတ်ယူလိုပါ၏။ ရာဇဝင်ထွန်းပြောင်သော တိုင်းပြည်နှင့် လူမျိုးတို့၏ ဘဝပြန်လည်ဂုဏ်တင့်နိုင်ရေးအတွက် ဆန္ဒမွန်ရည်လျက် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ လေးချိုးတစ်ပုဒ်ဖြင့် ဆောင်းပါးကို အဆုံးသတ်လိုပါသည်။

"ရန်ခပင်းကိုတဲ့ မောင်းကာနှင်၊ ဒေါင်းမြန်မာတစ်ခွင်မတော့ အထက်ယခင်သဘော၊ (အို- ကွယ်) တကောင်းရာဇဝင်ကိုတဲ့ ဆက်ချင်သကော"

**၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်**

**မက်ဆင်ဂျာအပတ်စဉ်ဂျာနယ်**

***

# မုန်တိုင်းထန်တော့မည့် မြန်မာပြည်

# မုန်တိုင်းထန်တော့မည့် မြန်မာပြည်



## တစ်

ထောင့်များ

မဟာကရုဏာတော်နှင့် ပြည့်စုံတော်မူသော အနန္တတန်ခိုးရှင်တစ်ဦးအနေဖြင့် မြန်မာပြည်တွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို ကမ္ဘာကြီး၏ တစ်ထောင့်တစ်နေရာမှ စောင့်ကြည့်နေသည် ဆိုကြပါးအံ့၊ သူသည် စိုးရိမ်ထိတ်လန့်သော အမူအရာဖြင့် ရင်ကိုဖိရင်း သက်ပြင်းသက်မ အကြိမ်ကြိမ် ချနေပေလိမ့်မည်။ ထို့နည်းအလားတူ တုန့်ရှိုင်းမမီသော လူယုတ်မာတစ်ဦးသည်လည်း ယင်းသို့ပင်လျှင် စောင့်ကြည့်နေသည် ဆိုပါစို့။ သူသည် များစွာနှစ်ထောင်းအားရ ကျေနပ်ဝမ်းမြောက်သော မျက်နှာထားဖြင့် အောင်နိုင်သော စစ်သူကြီးကဲ့သို့ စိတ်ကြီးဝင်နေလိမ့်မည်။

ထို့အတူ မြန်မာပြည်တွင် ချက်မြှုပ်ဖွားမြင်ခဲ့လေသော သင့်အနေဖြင့် ပစ္စက္ခ မြန်မာပြည်၏ ရှေ့ရေးကို၊ မည်သို့တွေးမြင်ခံစားနေရပါသနည်း၊ မြန်မာပြည်ဖွား သာမန်နိုင်ငံသားတစ်ဦးသာလျှင် ကျွန်တော့်အနေဖြင့်မူ အောက်ပါအတိုင်း ရှုမြင်ခံစားမိပါသည်။

***

## နှစ်

အိပ်မက်

မြန်မာ့အရေးကို ရှည်ရှည်ဝေးဝေး နောက်ကြောင်းပြန်နေလျှင် အပ်ကြောင်းထပ်ရာ ကျပေလိမ့်မည်။ သို့ဖြစ်၍ လိုတိုရှင်း အနှစ်ချုပ်အားဖြင့်သာ

ဖော်ပြရသော်....

၁၉၆၂ ခုနှစ်မှစတင်၍ မျက်မှောင်ကာလ သို့တိုင်၊ မြန်မာစစ်ခေါင်းဆောင်တို့သည် သမိုင်းပေးတာဝန်ဟု ရမယ်ရှာအကြောင်းပြလျက် မြန်မာပြည်၏ တိုင်းရေးပြည်ရာတို့ကို စီမံခန့်ခွဲကြလေရာ မြန်မာပြည်သည် ကမ္ဘာပေါ်တွင် အဆင်းရဲအမွဲတေဆုံး နိုင်ငံစာရင်းသို့ ဝင်လျက်ရှိသည်ကို ထောက်ချင့်ခြင်းဖြင့် ယင်းတို့၏ အရည်အသွေးကို ဆန်းစစ်နိုင်သည်။

ထိုလမ်းဆုံမှသည် ၂၀၁၀ ရွေးကောက်အပြီး ဒီမိုကရေစီအရွေ့ဆီသို့ ဦးတည်သည်ဆိုပြန်သောအခါ၌ လည်း အမြစ်ပြတ်မတွန်းလှန်သာ၍ သာ လက်ပိုက်ကြည့်နေခဲ့ရသော မြန်မာလူထုသည် အမည်ခံမြန်မာအစိုးရသစ်ကို အယုံအကြည် မရှိခဲ့ကြချေ။ သို့သော် ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်သို့ ရောက်ရှိလာခြင်း၊ မြစ်ဆုံစီမံကိန်း ရပ်ဆိုင်းလိုက်ခြင်းတို့သည် မြန်မာလူထုကို အံ့အားသင့်စေသော အချက်မှာမူ အမှန်ပင်ဖြစ်၏ ။

၂၀၁၂ ခုနှစ်တွင် အာဏာရအစိုးရသည် အလုပ်လက်မဲ့လွှတ်တော်ကို ကုစားရန် အနောက်ဘက်သို့ ယိမ်းခဲ့ကြသည်။ အမေရိကန်ကသမ္မတကိုယ်တိုင် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိလာကြသည့်အခါတွင်မူ ဒီမိုကရေစီ အရွေ့ခြေလှမ်းများ အဘယ်ကြောင့် ဖြစ်ပေါ်လာရကြောင်း ရိုးတိုးရိပ်တိတ် သဘောပေါက်စ ပြုလာကာ မြန်မာ့ဒီမိုရေးအလှည့်အပြောင်းအပေါ် ယုံကြည်မှုအိပ်မက်များ စတင်မြင်မက်ခဲ့ကြသည်။ အစိုးရခေါင်းဆောင်တို့၏ ပြည်ပခရီးစဉ်များ ကြွေးမြီဝန်ထုပ်ဝန်ပိုး လျှော်ပစ်ခြင်းများကြောင့် လူထုသည် ပိုမိုအားတက်မျှော်လင့်လာကြသည်။ မည်သို့ပင်ဆိုစေ အစိုးရ၏ စီမံခန့်ခွဲမှုများမှာ လူထု၏ အမြင်တွင် သံသယပွားဖွယ် အချက်အလက်များ ကြိုးကြားမပြတ် ဆက်လက်ဖြစ်ပေါ်နေခဲ့၏ ။

ရွေးကောက်ပွဲအသစ် နီးကပ်လာချိန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အသံဗလံများ ဆူညံလာသောအခါ အာဏာရအစိုးရသည်

လေးပွင့်ဆိုင်ရမည့် အရေးကို ၁၄ ပွင့်ဆိုင်ကာ ဆွေးနွေးရေးသိပ်သည်းဆကို အရည်ကျဲစေခဲ့သည်။ လွှတ်တော်နှင့် အတိုက်အခံ တစ်သဘောတည်း အသံညီခဲ့သော ခြောက်ပွင့်ဆိုင်ကို သမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ်တို့က ရှေ့ဆင့်နောက်ဆင့်ဆိုသလို ငြင်းပယ်လိုက်သည့်အချိန်တွင် မြန်မာလူထုသည် ဤတစ်ကြိမ်တွင်လည်း အလိမ်ခံရပြီဖြစ်ကြောင်း သတိချပ်မိပြန်လျက် မက်လက်စအိပ်မက်များ ပြက်ပြယ်ခဲ့ရပြန်သည်။

***

# သုံး

မိုက်တွင်း

သမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ်တို့သည် လူထုအနေဖြင့် အာသာပြင်းပြစွာ တောင်းဆိုနေသည့် တွေ့ဆုံဆွေးနွေးရေးကို တစ်ပြိုင်နက်တည်းဆိုသလို ငြင်းပယ်လိုက်သည်ကို ထောက်ရှု၍ ယင်းတို့မလွှန်နိုင်သော ပုဂ္ဂိုလ်တစ်ဦးဦး၏ ကြိုးဆွဲခံနေရမှုကို မလွှန်ဆန်သောကြောင့် တဲ့တိုးပင်ဝန်ခံရာရောက်လေသည်။ တစ်ဆက်တည်းမှာပင် ခေတ်ကြီး၏ အရွေ့ကို နားလည်သိမြင်ခြင်းမရှိဘဲ အာဏာကို အငမ်းမရ ဆက်ဖက်တွယ်ထားလိုသူတို့၏ မူလစိတ်ရင်းကို ဖော်ပြလျက်ရှိလေသည်။

တစ်ချိန်တည်းမှာပင် ခေတ်ပြောင်းခဲ့ပြီဆိုသည့် လွန်ခဲ့သော လေးနှစ်ကာလအတွင်း အာဏာရသူအများစုသည် ပြင်ဆင်ပြောင်းလဲလာသော ဥပဒေနည်းဥပဒေများကို မလိမ့်တစ်ပတ် လက်တစ်လုံးခြားပြုလျက် ဒီမိုကရေစီအရွေ့ကို ကိုယ်ကျိုးအဖြစ် ဆက်လက်ပုံပြောင်းခဲ့သည်ကို မြန်မာလူထုအနေဖြင့် မီဒီယာ၏ ကျေးဇူးကြောင့် မျက်ဝါးထင်ထင် သိမြင်ခွင့်ရလာကြသည်။

အစိုးရကမူ မီဒီယာလွတ်လပ်ခွင့်ကို ၎င်းတို့ ဖန်တီးသည်ဟု ဆိုသော်ငြား ဖြစ်စဉ်တစ်ရပ်ရပ်ကို စေ့စပ်စွာ ထောက်ရှုလျှင် အနောက်နိုင်ငံတို့၏ အပေးအယူသဘော လုပ်ဆောင်ခဲ့သည့် တွန်းအားများကြောင့်ဖြစ်ကြောင်း သိသာလှသည်။

ယခုနောက်ဆုံးအချိန်တွင် မြန်မာအာဏာပိုင်တို့ ရွေးချယ်လိုက်သည့် လမ်းကြောင်းသည် ရွေးလမ်းအမှားကြီး ဖြစ်၏။ သမိုင်းတွင် ကိုယ်ကျင့်သိက္ခာတရား တစ်ပြားသားမှမရှိသည့် ပုဂ္ဂိုလ်အဖြစ် စံတင်ထိုက်သူတစ်ဦး၏ လက်ညှိုးညွှန်ရာသို့ ၎င်းတို့၏ စည်းစိမ်အာဏာ လက်မလွတ်စေရေးအလို့ငှာ ခရီးဆက်နေကြခြင်းဖြင့် မိုက်တွင်းနက်အောင် တူးနေကြပြန်လေပြီ။

***

## လေး

ဖျက်မြင်း

မျက်မှောင်ခေတ်၏ အရှေ့မှန်ကို ကမ္ဘာကြီးနှင့်ယှဉ်၍ ရင်ပေါင်တန်း မကြည့်မမြင်နိုင်သော အုပ်စိုးသူမှန်သမျှ တိုင်းပြည်၏ ရန်ဆူးရန်ငြောင့် သစ္စာဖောက်လောက်ကောင်များစာရင်းသို့ သွင်းရပေလိမ့်မည်။ အစိုးရနှင့် စစ်တပ်ကို အမှီပြု၍ ရနိုင်သမျှ ကိုယ်ကျိုးစီးပွားအတွက် လောဘဇောတိုက်နေကြသူများအားလုံးသည်လည်း အဆိုပါစာရင်းတွင် အကျုံးဝင်သည်။

အာဏာနှင့် လုပ်ပိုင်ခွင့်မှ အကျိုးစီးပွားဖြစ်ခဲ့သော ရွှေပုံပေါ်တွင်စံနေသည့် အစိုးရကို မျက်စိစုံမှိတ်ထောက်ခံနေကြသူတို့သည်လည်း ဤစာရင်းမှ မကင်း။ ငွေငါးထောင်၊ ဒံပေါက်တစ်ထုပ်၊ ခေါက်ဆွဲကြော်တစ်ပွဲဖြင့်

ကျေနပ်ကာ နုံနဲ့သော အသိဉာဏ်ဖြင့် နွားထီးမှန်းမသိ၊ နွားမမှန်းမသိ ကိုယ့်ထမင်းအလို့ငှာ အစိုးရကို ရောယောင်ထောက်ခံနေကြသူတို့သည်လည်း ကြံရာပါစာရင်းဝင်၏။ နိုင်ငံရေးအတွက် တစ်မျိုးသားလုံး ရင်တမမ အပူလုံးကြွနေချိန်တွင် ဘာသာရေးမျက်နှာဖုံးစွပ်ထားသည့် အရေခြုံသံဃာတချို့သည်လည်း ဤဖျက်မြင်းစာရင်းတွင် ထိပ်ဆုံးမှ ဖော်ပြရမည် ဖြစ်သည်။

နိုင်ငံရေးကို ဘာသာရေးနှင့် ရောမွှေရန် အားထုတ်နေသူတို့၏ အန္တရာယ်သည် အလွန်ကြီးမားလွန်းလှသဖြင့် တိုင်းပြည်အတွက် စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်သည်။ ယင်း၏ နောက်ကွယ်တွင် လူမသမာများ ရှိနေသည်မှာ သေချာသည်။ အတိုက်အခံပါတီကို တိုက်ခိုက်ရာတွင် ဘာသာရေးကို အသုံးချလာခြင်းမှာ အသိဉာဏ်နုံနဲ့လွန်းလှ၏။

ငင်းတို့အနေဖြင့် အမှားသည် အမှန်မဖြစ်၊ အမှားနှစ်ခုသည် အမှန် မဟုတ်ဟူသော ရိုးစင်းလှသည့် ယုတ္တိသဘောမျှကိုပင် ကောင်းစွာနားလည်ကြဟန် မတူချေ။

စစ်ရေးပထဝီဝင်အရ အချက်အချာကျလာသော အာရှဒေသ၏ မဟာဗျူဟာအနေအထား ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးရေစီကြောင်းတို့ကို သိမြင်နားလည်မှသာ မြန်မာပြည်၏ ကောင်းမွန်သောအရှေ့ကို ဖန်တီးနိုင်မည်ဖြစ်ရာ အထက်ပါစာရင်းဝင်သူတို့နှင့် ၂ဝ၁၅ ခုနှစ်အလွန်တွင် တိုးတက်ဖွံ့ဖြိုးသော နိုင်ငံတော်သစ်ကြီးဆီသို့ ဆက်လက်ချီတက်ကြဦးမည်ဆိုလျှင်ကား အလွန်ဟာသရသမြောက်သော ပြက်လုံးတစ်ခုသာ ဖြစ်ပေလိမ့်မည်။

***

# ခြောက်

မုန်တိုင်း

မျက်မှောက်ခေတ်သည် လွန်လေပြီးသောကာလများကကဲ့သို့ မသိမတတ်တာမရှိ၊ ဉာဏ်ပညာကြီးသူ ပါရမီများဟန်ဆောင်ကာ ဟိတ်ဟန်တစ်လုံးထုတ်၍ ရသော အခြေအနေ မဟုတ်တော့ပြီ၊ ဘက်ပေါင်းစုံမှ တွေးခေါ်မြော်မြင်၍ စီမံခန့်ခွဲနေကြသယောင် မိုးတစ်လုံး၊ လေတစ်လုံး လုပ်နေရမည့်အချိန် မဟုတ်တော့။ ကွန်မြူနစ်သွေးဆုံးနေသော ရုရှားနိုင်ငံလက်နက်များကို ဘီလာရုဇ်မှဝယ်ယူနေသည့် ဦးနှောက်အဆင့်ဖြင့် တိုင်းပြည်ကာကွယ်ရေးကို တာဝန်မယူသင့်တော့ချေ။ ကွန်မြူနစ်နှင့် အရင်းရှင်စပ်ကျကာ သိက္ခာမရှိသည့်၊ အာရှချဉ်ဖတ် တရုတ်ပြည်အားကိုးဖြင့် ပြည်ပကျူးကျော်မှုကို ရင်ဆိုင်မည့် အတွေးအခေါ်မျိုးမှာ ရှက်ဖွယ်လိလိသာ ဖြစ်လေသည်။

အစိုးရနှင့် စစ်တပ်သည် ဟုတ်သည့်နေရာတွင် သဘောကွဲ၍ မဟုတ်သည့်နေရာတွင် ညီညွတ်နေကြ၏ ။
ငြိမ်းချမ်းရေးအကောင်အထည်ပေါ်လာလျှင် အာဏာပါဝါ လျော့ကျမည်ကို စိုးရိမ်လျက်ရှိကြသည်မှာ တိုင်းပြည်အတွက် အလားအလာကောင်း မဟုတ်ချေ။ တွေ့ဆုံဆွေးနွေးရသည့် လတ်တလောအခြေအနေတွင် မြန်မာပြည်အတွက် သေရေးရှင်းရေးဖြစ်၏ ။ အပွင့်အရည်အတွက်သည် အဓိကမကျချေ။ အရှင်းဆုံးဆိုရလျှင် တိုင်းပြည်ရှေ့ရေးကို အမှန်တကယ် စေတနာထားသူ၊ တစ်ဦးတည်း၏ တစ်ပွင့်တည်းဖြင့်ပင် ပွဲသိမ်းနိုင်၏ ။ ထိုပုဂ္ဂိုလ်အရွေ့မပြသဖြင့်သာ အပွင့်သံသရာလည်နေရခြင်းသာ ဖြစ်။ ယခုမူ အပွင့်ရွေးနေကြဆဲ၊ အပွင့်စာရင်းတွင် ပါဝင်ချင်နေသူများနေကြဆဲဖြစ်ရာ တလွဲဆံပင်ကောင်းသည်ဟုသာ ဆိုချင်သည်။ အမေရိကန်နှင့် ဥရောပသမဂ္ဂသည် တရုတ်ပြည်နှင့် အားပြိုင်မှုတွင် အလွယ်တကူ လက်လျှော့ပေးလိမ့်မည် မဟုတ်သဖြင့် မြန်မာအစိုးရအနေဖြင့် အချိန်အဆ အလွန်ကောင်းရန် လိုသည်။

အာဏာလက်ကိုင်ရှိနေသူများအဖို့ ယခုအခြေအနေအတိုင်းသာ ဆင်ခြင်တုံတရားမဲ့ ဆောင်ရွက်မှုများဖြင့် ရှေ့ခရီးဆက်နေကြပါမူ မကြာမတင်သော ကာလများအတွင်း တိုင်းပြည်ကို ကောင်းစားစေလိုသော လူထုကြီး၏ အင်အားကို မလွှဲမသွေ ရင်ဆိုင်ကြရပေလိမ့်မည်။ ယင်းအခြေအနေသည် တိုင်းပြည်နှင့်လူထုအတွက် မုန်တိုင်းဖြစ်သကဲ့သို့ အုပ်စိုးသူတို့အတွက်လည်း လောင်မီးမိုးကြိုးကျမည့် အခြေအနေတစ်ရပ် ဖြစ်လာနိုင်ပါသည်။

***

## >ခုနှစ်

နိဂုံး

မဟာကရုဏာတော်နှင့် ပြည့်စုံတော်မူသော အနန္တတန်ခိုးရှင် တစ်ဦးအနေဖြင့် မြန်မာပြည်တွင် လက်ရှိဖြစ်ပေးနေသော အခြေအနေအရပ်ရပ်ကို ကမ္ဘာကြီး၏ တစ်ထောင့်တစ်နေရာမှ စောင့်ကြည့်နေသည် ဆိုကြပါစို့။ သူသည် စိုးရိမ်ထိတ်လန့်သော အမူအရာဖြင့် ရင်ကိုဖိရင်း သက်ပြင်း၊ သက်မ အကြိမ်ကြိမ်ချနေပေလိမ့်မည်။ ထိုနည်းအလားတူ တုန့်ှိုင်းမမီသော လူယုတ်မာတစ်ဦးသည်လည်း ယင်းသို့ပင်လျှင် စောင့်ကြည့်နေသည် ဆိုပါစို့။ သူသည် များစွာနှစ်ထောင်းအားရ ကျေနပ်ဝမ်းမြောက်သော မျက်နှာထားဖြင့် အောင်နိုင်သော စစ်သူကြီးကဲ့သို့ စိတ်ကြီးဝင်နေလိမ့်မည်။

**၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်**

**မက်ဆင်ဂျာ အပတ်စဉ်ဂျာနယ်**

***